ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန

# ဒါနကြေးမုံ
## (ဒါနရှုခင်း)

သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ - ၂၅၃၁ ကောဇာ - ၁၃၄၉ ခရစ် - ၁၉၈၇

၂၃၇၂၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန

# ဒါနကြေးမုံ

## (ဒါနရှုခင်း)

သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ – ၂၅၄၁ ကောဇာ – ၁၃၅၉ ခရစ် – ၁၉၉၇

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်မောင်
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၁၂၅၂၇) က ပုံနှိပ်ထုတ်ဝေသည်။

ဒါနကြေးမုံ(ဒါနရှုခင်း)

# မာတိကာ


| စဉ်၊ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ဒါန၏ သဘောသဘာဝများ .... .... | ၁ |
| ၂။ | ဒါနမပြုသူ လူသေနှင့်တူ .... .... | ၂ |
| ၃။ | ကေသာငှကမောင်နှံ၏ ဒါနစပ်ပွဲ.... .... | ၃ |
| ၄။ | ဒါနစွမ်းအား လွန်ကြီးမား .... .... | ၇ |
| ၅။ | ပါရမီဆယ်ဝ- ဒါနရှေးဦး .... .... | ၈ |
| ၆။ | အကြောင်းပြည့်စုံမှ လှူနိုင်ကြ .... .... | ၉ |
| ၇။ | စိုက်ပျိုးရေးပမာ ဒါနကိုမြင်ပါ .... .... | ၁၁ |
| ၈။ | စေတနာသုံးတန် ဒါနကံ .... .... | ၁၂ |
| ၉။ | အလှူ လှူရာဝယ် ရည်ရွယ်ချက်များ .... | ၁၃ |
| ၁၀။ | အလှူကိုဖျက် အကြောင်းလေးချက် .... | ၁၅ |
| ၁၁။ | အမည်ခံ အလှူရှင်နှင့် ကိုယ်တိုင်လှူသူ .... အကျိုးရပုံကွာခြင်း .... .... | ၁၆ |
| ၁၂။ | အထက်တန်းစား ဒါနအား .... .... | ၁၇ |
| ၁၃။ | အယုတ်၊အလတ်၊အမြတ် အလှူ .... .... | ၁၈ |
| ၁၄။ | အလှူပေးတတ်လျှင် အကျိုးထင် .... | ၂၀ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | အလှူ(၈)မျိုး စွမ်းရည်တိုး .... .... | ၂၁ |
| ၁၆။ | ကျိုးရမတူ လူလေးမျိုး .... .... | ၂၂ |
| ၁၇။ | စွမ်းအင်ပြည့်ရေး အလေးပေး .... .... | ၂၃ |
| ၁၈။ | သပ္ပုရိသ မြတ်ဒါန.... .... .... | ၂၄ |
| ၁၉။ | ပစ္စည်းကြောင်းခံ လှူသုံးတန် .... .... | ၂၆ |
| ၂၀။ | ဒါနတန်ခိုး ကျိုးငါးမျိုး .... .... | ၂၇ |
| ၂၁။ | တဏှာကင်းကွာ နိဗ္ဗာန်ချမ်းသာ.... .... | ၂၉ |
| ၂၂။ | နေ့စဉ် ဒါနပြုနည်း .... .... | ၃၀ |
| ၂၃။ | ဒါနမပြောက်အောင် နှောင့်ယှက်တတ်သောတရားများ | ၃၄ |
| ၂၄။ | ဒေါသက ဒါနကို နှောင့်ယှက်ခြင်း.... .... | ၃၈ |
| ၂၅။ | မောဟကလည်း ဒါနကို နှောင့်ယှက်ခြင်း .... | ၄၂ |
| ၂၆။ | မစ္ဆရိယက အလှူဒါနကို နှောင့်ယှက်ခြင်း .... | ၄၃ |
| ၂၇။ | စိတ်ယား တွန့်တိုသဖြင့် ဘဝသံသရာမှာ .... ဆင်းရဲတွင်း နစ်ရပုံ.... .... .... | ၅၁ |
| ၂၈။ | ဒါနပြုထားသူသည် သေရမှာကို မကြောက် .... | ၅၆ |
| ၂၉။ | အလှူဒါနဖြင့် သေခြင်းကို ရင်ဆိုင်သော .... နတ်သမီး .... .... .... | ၅၈ |

# နိဒါန်း

ဗုဒ္ဓသည်–ရဟန်းတို့….ကောင်းမှုကုသိုလ်မှန်သမျှကို ပွားများအောင် ပြုလုပ်ကြ၊ တိုးပွားအောင်၊ များအောင် စုဆောင်းကြ ကုသိုလ်ဆိုသော အမည်သည် ပြည့်စုံမှု–ဣဋ္ဌာရုံ–ကောင်းကျိုး မှန်သမျှ၏ အမည်ဖြစ်သည်ဟု မိန့်ကြားတော်မူခဲ့သည်။ ဤ ဗုဒ္ဓစကားတော်ကို ထောက်ရှုခဲ့သော် ဖြစ်လေရာ ဘဝတိုင်းမှာ ပြည့်စုံမှုသိဒ္ဓိမှန်သမျှကို ရလိုသော ပုဂ္ဂိုလ်တိုင်းသည် ကောင်းမှုကုသိုလ်တရားများကို ပြုလုပ်နေကြရမည်၊ ကောင်းမှုကုသိုလ်သည် သိဒ္ဓိ၏အမည်ဖြစ်သည်ဟု စွဲမှတ်ထားရပေမည်။

ထို့ပြင် ဘုရားရှင်သည် မျှတစွာ ခွဲဝေသုံးစွဲ စွန့်ကြဲလှူဒါန်း ပေးကမ်းခြင်း၏ကောင်းကျိုးပေးပုံကို သဗ္ဗညုတဉာဏ်အမြင်ဖြင့် ငါဘုရားမြင်သလို သိသလိုသာ မြင်ခဲ့သိခဲ့ကြပါလျှင် မိမိမှာရှိသော ပစ္စည်းဥစ္စာများကို သူတစ်ပါးအားမပေးဘဲ မလှူဘဲ မိမိတစ်ယောက်တည်း သုံးစွဲလိုစိတ် ရှိနေကြမည်မဟုတ်ဟု ဒါန၏ အကျိုးတရားကြီးမားပုံကို ဣတိဝုတ်ပါဠိတော်မှာ တိကျစွာ ဟောကြားတော်မူခဲ့ပြန်သည်။

ဤဗုဒ္ဓတရားတော်ကို ထောက်ရှုသော် ဒါန၏ အကျိုးတရားကြီးမားပုံကို သဗ္ဗညုတဉာဏ်တော်ဖြင့်သာ အပြည့်အစုံ ကုန်အောင် သိနိုင်ပေသည်၊ ဤအကျိုးတရားကြီးမားသော ဒါနဝတ်ကို မပျက်မကွက် ဆောင်ရွက်ရန် အလှူရှင်များ သိထားထိုက် နားလည်ထားထိုက်ပေသည်။

## ဒါနကြေးမုံ

ဤသို့ ဗုဒ္ဓတရားတော်အရ ဒါနပြုနေကြသူများ သိဖွယ်ရာ ဒါန အကြောင်းအရာများကို လွယ်လွယ်ကူကူ နားလည်ကြစေရန် ရည်သန်၍ ဒါနကြေးမုံခေါ် ဤကျမ်းစာငယ်ကို ထုတ်ဝေဖြန့်ချိရပါသည်။ လူတိုင်း

ထိုလို အိမ်ပြင်ဘက်သို့ ထွက်သောအခါများ၌ ကြေးမုံခေါ် မှန်ကို ကြည့်လေ့ရှိကြသည်၊ မှန်ကြည့်ပြီးမှသာ ပြုပြင်စရာအချက်များကို ပြုပြင်ခဲ့ကြသည်။ မှန်ကြည့်၍ ပြင်ဆင်ပြီးမှ အိမ်ပြင်ဘက်သို့ထွက်လျှင် လူအများအလယ်တွင် တင့်တယ်နိုင် ဝင်ဆန့်နိုင်ကြပေသည်။

ဤနည်းတူစွာ ဒါနပြုသူများသည်လည်း ဒါနပြုတော့မည်ဆိုလျှင် ဤဒါနကြေးမုံကျမ်းကို လက်ကိုင်ထားပြီး ကြည့်ရှုပြုပြင်ဘို့ လိုအပ်ပါသည်။ ညောင်ပင်ကြီးလောက် လှူသော်လည်း စေတနာမဖြောင့်ဖြူးပါက ညောင်စေ့လောက်သာ ရနိုင်ပါမည်၊ ညောင်စေ့မျှသာလှူသော်လည်း စနစ်ကျသော ဒါနမျိုးစေ့ဖြစ်ပါလျှင် ညောင်ပင်ကြီးမျှ ရရှိခံစားနိုင်ပါသည်။ ဒါနလုပ်ငန်းကို ဆောင်ရွက်ရာ၌ မှန်ကန်သော ဒါနမျိုးဖြစ်အောင်၊ ပြုပြင်နိုင်ကြပါမှ ဘုရားအစရှိသော အရိယာသူတော်စင်တို့ အလယ်တွင် တင့်တယ်နိုင်၊ ဝင်ဆန့်နိုင်ကြပေမည်၊ စိတ်သားဖြူစင် အရိယာသူတော်စင်များတွင် စာရင်းဝင်နိုင်သော ဒါနမျိုးကို ယခုလို သာသနာနှင့်ကြုံတွေ့နေခိုက်၊ အားစိုက်၍ ပြုလုပ်တတ်ကြစေရန် ဘုရားရှင်အလိုတော်ကျ ဒါနကုသိုလ်ကို နည်းလမ်းမှန်ကန်စွာ ပြုတတ်ရန် ဤဒါနကြေးမုံကျမ်းငယ်လေးက လမ်းညွှန်ပေးပါလိမ့်မည်။ ထို့ကြောင့် ဒါနပြုလိုကြသူ အလှူရှင်များ ပါရမီမြောက် အထက်တန်းအကျဆုံး ဒါနမျိုးပြုလုပ်နိုင်ကြစေရန် အမြဲကြည့်ရှုထိုက်သည့် ကျမ်းစာဖြစ်ရကား ဤစာအုပ်ငယ်ကို ဒါနကြေးမုံဟု ကင်ပွန်းတပ်ပါသည်။ ဤကျမ်းစာသည် ငယ်ပင်ငယ်သော်လည်း ဒါနနှင့်ပတ်သက်၍ သိဖွယ်ရာအချက် အလက်များ အတော်အတန် စုံလင်စွာပါရှိသည်။

ထို့ထက်လေးနက်သော ဒါနရေးရာများကို ဆက်လက်၍ ဖြန့်ချိပေးနိုင်လျှင် သာ၍ပင် ပြည့်စုံလာနိုင်ပေမည်။ သီလကျင့်ဝတ်နှင့် သက်ဆိုင်သော အချက်အလက်များကိုလည်း ဤနည်းတူစွာ အလွယ်တကူ ဖတ်ရှုနိုင်ရန် လိုရင်းချုပ်၍ ဖော်ထုတ်ပေးသင့်ပေသည်။

## သတ္တဝါတိုင်း နှစ်ခြိုက်သောဒါန

ဤဒါနလုပ်ငန်းသည် ကိုယ်နှုတ်ကို ထိန်းချုပ်နေရသော သီလအကျင့် စိတ်ကိုထိန်းသိမ်းရသော စိတ်ထားဖြူစင်ရေး ဘာဝနာအလုပ်များနှင့် နှိုင်းစာကြည့်လျှင် စောင့်စည်းထိန်းချုပ်မှုများ ပြုရန်မလိုသောကြောင့် လူတိုင်းပြုလုပ်လွယ်သော ကုသိုလ်ရေးဖြစ်သည်။ ဤဒါနမှုကို တိရိစ္ဆာန်များပင် နှစ်ခြိုက်ကြသည်။ ကျွေးမွေးထားသည့် ပုဂ္ဂိုလ်ကို အရှင်သခင်ဟု မြင်ပြီး ကျေးဇူးတုံ့ပြန်သောအားဖြင့် အန္တရာယ်ကိုပင် ကာကွယ်ပေးတတ်ကြသည်။ ထို့ကြောင့် အဆင့်မြင့်မားသော သီလရေး၊ ဘာဝနာရေးများထက် ဤဒါနလုပ်ငန်းကို ပြုလုပ်ကြသူတွေ ပေါများနေခြင်း ဖြစ်သည်။ ဗုဒ္ဓတရားတော်ထွန်းကားရာ ဤမြန်မာနိုင်ငံ၌ အခြားနိုင်ငံများထက် ဒါနပြုသူတွေ များပြားနေပါသည်။ စည်ကားဖွံ့ဖြိုးနေပါသည်။

## နိုင်ငံတော်အစိုးရ၏ ပံ့ပိုး အားပေးမှု

ယခုအခါ ရှေးယခင်ကာလများကထက်ပင် ဒါနပွဲများ စည်ကားနေခြင်းမှာ နိုင်ငံတော်အစိုးရ၏ အားပေးမှုကြောင့်ဟု ဆိုရပါမည်၊ နိုင်ငံတော်ကို အဘက်ဘက်မှ ပြည့်စုံအောင် စီမံဆောင်ရွက်ပေးနေသော နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အားထုတ်ဆောင်ရွက်ရာ၌ ဗုဒ္ဓတရားတော်များ ထွန်းကားလာလျှင် နိုင်ငံတော် အေးချမ်းသာယာမည်ကို ပိုမိုလျှင်မြန်စွာ ရရှိနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်သဖြင့် ဗုဒ္ဓတရားတော် ပြန့်ပွားလာရေးကို အထူးအားစိုက် ဆောင်ရွက်နေပေသည်။

ဗုဒ္ဓတရားတော် ပြန့်ပွားစေရန် ဆောင်ရွက်ရာ၌ တာဝန်အရှိဆုံးဖြစ်သော သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်သည် မိမိတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်လိုသဖြင့် သာသနာရေးဝန်ကြီးဌာန၊ အကြံပေးပုဂ္ဂိုလ်ကြီးများနှင့် သာသနာရေး

ကိစ္စများကို ဆွေးနွေးသောအခါ ဒါနရေးဆုနှင့်ပတ်သက်၍ အလှယ်တကူဆောင်ယူ၍ အလွယ်တကူဖတ်ရှုနိုင်ရန် လိုရင်းတိုရှင်းစွာ ဖော်ပြသည့် စာအုပ်ငယ်များ ထုတ်ဝေဖြန့်ချိလိုသည့်အကြောင်း လမ်းညွှန်ဆွေးနွေးခဲ့သည်။ ဤဆွေးနွေးချက်ကိုမူတည်၍ အောက်ဖော်ပြပါအကြံပေးအဖွဲ့ဝင် ပုဂ္ဂိုလ်ကြီးများသည် ဒါနကြေးမုံခေါ် ဤစာအုပ်ငယ်ကို အချင်းချင်းညှိနှိုင်းဆွေးနွေး၍ ပြုစု ရေးသားခဲ့သည်။

၁။ ဦးကျော်ထွတ် ။ ၆။ ဒေါက်တာမင်းတင်မွန်

၂။ ဦးစဝ်ထွန်းမှတ်ဝင်း ၇။ ဦးဗိုလ်မောင်

၃။ ဦးအေးနိုင် ၈။ ဦးအောင်ခိုင်

၄။ ဦးသောင်းလှိုင် ၉။ ဦးမောင်မောင်လေး

၅။ ဦးငွေးလှိုင်

အကြံပေး ပုဂ္ဂိုလ်ကြီးများအား သာသနာရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန(၂)ခုမှ အောက်ပါဝန်ထမ်းများက ကူညီပံ့ပိုးခဲ့ပါသည်။

(၁) ဦးအောင်သိန်းညွန့် (လက်ထောက်ညွှန်ကြားရေးမှူး)

(၂) ဦးခင်ကျော် (ဦးစီးအရာရှိ)

(၃) ဦးကိုကိုမြိုင် (ဦးစီးအရာရှိ)

(၄) ဦးငွေးဆောင် (ဒု-ကျမ်းပြုမှူး)

(၅) ဦးသူရ (အကြီးတန်းစာရေး)

အကြံပေးပုဂ္ဂိုလ်များ

(သာသနာရေးဝန်ကြီးဌာန)

# ဒါနကြေးမုံ (ဒါနရှုခင်း)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ဒါန၏ သဘောတရား

လှူဒါန်းမည့် ပေးစွန့်မည့် ဝတ္ထုပစ္စည်းနှင့် လှူဒါန်းလို၊ ပေးစွန့်လိုသော စေတနာကိုသာ ဒါနဟုခေါ်သည်။ သစ္စါသည် ဒါန မဟုတ်၊ သစ္စါကား ဒါန၏ အကြောင်းတရားသာ ဖြစ်ပါသည်။

စွန့်ကြဲပေးကမ်း လှူဒါန်းပူဇော် ချီးမြှောက် ထောက်ပံ့ခြင်း ဟူသမျှသည် ဒါနပင် ဖြစ်ပါသည်။

ဒါနပြုရာတွင် ရာထောင်သိန်းသန်းမက များများစားစား လှူဒါန်းမှ ဒါနမြောက်သည် မဟုတ်ပါ။ စေတနာကသာ အကျိုးပေးသည်။ လှူဖွယ်ဝတ္ထုက အကျိုးပေးသည် မဟုတ်။ ပေးစွန့်လိုသော စေတနာ ဖြူစင်စွာ ထားပြီး ကတ်နိုင်သမျှကို သတ်မှတ်ကန့်သတ်၍ လှူဒါန်းလိုက်လျှင် ဒါနမြောက်ပါသည်။ စေတနာဖြင့်သာ ဒါနကုသိုလ်ကို သတ်မှတ်တိုင်းတာ ရပါမည်။

မိမိ၌ရှိသော တစ်ကျပ်, နှစ်ကျပ်–စသည်ကို အမှတ်ထား၍ နည်းများမဟူ လှူဒါန်းတတ်ရပါမည်။ ဤအလှူငွေဖြင့် အုတ်တစ်ချပ် သဲတစ်ပွင့် ပမာ သာသနာအတွက်၊ အသင်းအဖွဲ့အတွက်၊ ပုဂ္ဂိုလ်အတွက် အထောက်အကူ ဖြစ်ပါစေဟု ရည်ရွယ်၍ လှူဒါန်းရသည်။ ဒါန၌ ကူညီပံ့ပိုး လိုသည့် စိတ်ထားမျိုး ပါဝင်စေရမည်။

မိမိ၌ လှူဒါန်းစရာ ဝတ္ထုငွေကြေး မရှိလျှင် သက်တော်ထင်ရှား မြတ်စွာဘုရားအား ရည်မှတ်၍ သောက်တော်ရေ–စသည်တို့ကို လှူဒါန်း ပူဇော်လိုက်လျှင်ပင် အကျိုးကြီးမားသော ဒါနကုသိုလ်ကို ပြုလုပ်ပြီး၊ ဆည်းပူးပြီး ဖြစ်ပါတော့သည်။ စစ်မှန်သော ဒါနဖြစ်လျှင် အကုသိုလ် ဟူ၍ မရှိ၊ ကုသိုလ်တရားသာ ဖြစ်သည်။

## ဒါနမပြုသူ လူသေနှင့်တူ

ဒါန မပြုသူ၊ ပေးလှူလေ့မရှိသူသည် လူသေနှင့် တူပါသည်။

လူသေသည် မိမိ၏အနီး၌ တည်ရှိနေသော ထမင်း၊ ဟင်း၊ မုန့်–စသော အသုံးအဆောင်များကို မည်သူ့အားမျှ ခွဲခြမ်းဝေဖန်၍ မပေး နိုင်သကဲ့သို့ ဒါန မပြုသူ ပေးလှူလေ့မရှိသူသည်လည်း မည်သူ့ကိုမျှ ခွဲခြမ်းဝေဖန်၍ မပေးတတ်၊ မစွန့်တတ်ချေ။ ပေးရကောင်းမှန်း၊ စွန့်လှူ ရကောင်းမှန်းလည်း မသိပေ။

## ဒါနပြုသူ အသက်ရှင်သူနှင့်တူ

ဒါနပြုသူ၊ ပေးလှူလေ့ရှိသူသည် အသက်ရှင်သူနှင့် တူပါသည်။

အသက်ရှင်သူကား မိမိ၌ရှိသော အစားအသောက် အသုံးအဆောင် ပစ္စည်းများကို မည်သူ့အားမဆို ခွဲခြမ်းဝေဖန်၍ ပေးစွန့်နိုင်၊ လှူဒါန်းနိုင် သကဲ့သို့ ဒါနပြုသူ ပေးလှူလေ့ရှိသူသည်လည်း မည်သည့် အလှူခံ ပုဂ္ဂိုလ်အား မဆို ခွဲခြမ်းဝေဖန်၍ ပေးစွန့် လှူဒါန်းတတ်လေသည်။ ပေးလှူရမှန်းလည်း သိနားလည်သည်။

## စစ်တိုက်ခြင်းနှင့်တူသော ဒါန

ဒါနပြုခြင်းသည် စစ်တိုက်ခြင်းနှင့် တူ၏။

သေရမည်ကို ကြောက်ရွံ့သူသည် စစ်မတိုက်ဝံ့သကဲ့သို့ မိမိပစ္စည်း ကုန်ခန်းမည်ကို ကြောက်ရွံ့သူသည် ဒါနမပြုနိုင်၊ မပေးမလှူနိုင်ပေ။ ပေးလှူဖို့ရာ မရဲနိုင်ပေ။

မိမိအသက်ကို ငဲ့ကွက်မှုမရှိဘဲ စွန့်လွှတ်နိုင်မှသာ စစ်တိုက်နိုင်သကဲ့သို့ မိမိပစ္စည်းဥစ္စာကို ငဲ့ကွက်မှုမရှိဘဲ ပစ္စည်းဥစ္စာ၌ ကပ်ငြိတွယ်တာမှု လောဘတဏှာ ပြတ်မှသာ ဒါနပြုနိုင် လှူဒါန်းနိုင်လေသည်။

ထို့ပြင် စစ်တိုက်ရာ၌ စစ်သည်အင်အား အနည်းအများသည် လိုရင်းမဟုတ်၊ ရဲစွမ်းသတ္တိ ရှိ,မရှိသာ လိုရင်းဖြစ်သည်။

စစ်သည်အင်အား နည်းပါးသော်လည်း ရဲစွမ်းသတ္တိရှိလျှင် ရန်သူအင်အား အမြောက်အမြားကို အနိုင်ရနိုင်သကဲ့သို့ သဒ္ဓါ, စေတနာတရားစသည်တို့နှင့်ပြည့်စုံသူသည် အနည်းငယ်သော လှူဖွယ်ဝတ္ထုကို လှူသော်လည်း မလှူဖြစ်အောင် ဖျက်အားကြီးမားသော, နှမြောတွန့်တိုမှု (မစ္ဆေရ) ရန်သူတို့ကို ချေဖျက်နိုင်၏။ အနိုင်ယူနိုင်၏။

ထို့ကြောင့် ဒါနပြုခြင်းသည် စစ်တိုက်ခြင်းနှင့် တူသည်ဟု ဆိုကြပါသည်။

## ကောသာဋ္ဌကမောင်နှံ၏ ဒါနစစ်ပွဲ

ဗုဒ္ဓလက်ထက်က ပုဏ္ဏားဇနီးမောင်နှံ နှစ်ဦးသည် သာဝတ္ထိ ပြည်၌ အလွန်ဆင်းရဲလှ၏၊ ဝတ်စရာအဝတ်အပိုမရှိ၊ ခါးဝတ်လုံချည် တစ်ထည်စီသာ ရှိသည်။

ကိုယ်အပေါ်ပိုင်း၌ ဝတ်ဆင်ရသော အပေါ်ရုံ, ခြုံထည်အင်္ကျီအဝတ်ကား နှစ်ယောက်ပေါင်းမှ ဝင်ဆံ့သည်ရှိ၏။ ထို့ကြောင့် ထိုပုဏ္ဏားကို ("ကောသာဋ္ဌက) အပေါ်ရုံအင်္ကျီ အဝတ်တစ်ထည်သာရှိသူ"ဟု ခေါ်ကြသည်။

တင်နေ့သောအခါ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဓမ္မသဘင်အထူးအစီအစဉ်အနေဖြင့် ပြုလုပ်သော တရားပွဲသို့ မြို့သူမြို့သားများ တရားနာသွားကြ၏။

ထိုပုဏ္ဏားဇနီးမောင်နှံမှာ ပရိဘောဂထဲဝင်ရန် အပေါ်အင်္ကျီတစ်ထည်သာရှိသဖြင့် ဇနီးက နေ့အခါ တရားနာသွားရ၏။

ခင်ပွန်းပုဏ္ဏားက ဇနီးပြန်လာမှ ညတရားနာ သွားရလေသည်။

တရားနာရသဖြင့် သဒ္ဓါတရားများ ဖြစ်ပေါ်လာ၏၊ ဒါနပြုချင်စိတ်များ တဖွားဖွား တိုးပွားလာ၏။

တရားနာနေကျက်ပင် မြတ်စွာဘုရားအား အဝတ်သင်္ကန်း လှူဒါန်းပူဇော်လိုစိတ်များ ဖြစ်ပေါ်လာသည်။

"ငါ့မှာရှိသော ဤအပေါ်ရုံကို လှူလိုက်လျှင် ငါတို့ဇနီးမောင်နှံနှစ်ဦးအတွက် ဝတ်ရုံစရာ အဝတ်မရှိဘဲ ဖြစ်တော့မည်--ဟု အလှူကိုဖျက်ဆီးသော နှမြောတွန့်တိုမှု(မစ္ဆေရစိတ်)များ ထောင်သောင်းမကစိတ်ထဲတွင် ဖြစ်ပေါ်လာပြန်ကာ မလှူဖြစ်ဘဲ ဖြစ်နေလေသည်။

ပုဏ္ဏား၏စိတ်ထဲ၌ လှူရန်ဆုံးဖြတ်သော သဒ္ဓါစေတနာစိတ်နှင့် မလှူတော့ပါဟု ဆုံးဖြတ်သော မစ္ဆေရစိတ်တို့ သူနိုင်ငါနိုင် အပြိုင်ကြဲ၍ တိုက်ပွဲဆင်နေခြင်းဖြစ်၏၊

လှူလိုသည့် စေတနာသဒ္ဓါတရား တစ်ကြိမ် ပြန်ပေါ်လာသည်နှင့် တစ်ပြိုင်နက် လှူဒါန်းရေး၌ နှောင့်ယှက်သော နှမြော တွန့်တိုသော မစ္ဆေရစိတ်များ ဒီကြိမ်များစွာ ဝင်လာလျက် မစ္ဆေရစိတ်ကအနိုင်ယူကာ ဒါနကုသိုလ်အထ မမြောက်အောင်၊ မအောင်မြင်အောင် နှောင့်ယှက် ဖျက်ဆီးလျက် ရှိပေသည်။

လှူမည်ကြံလိုက်တိုင်း မလှူဖြစ်အောင် နှောင့်ယှက်နေသည့် နှမြောမှုမစ္ဆေရစိတ်က အနိုင်ယူနေသည်။ ညဦးယံနှင့် သန်းခေါင်ယံတိုင်အောင် ဒါနစေတနာတပ်နှင့် မစ္ဆေရရန်သူများ၏ တိုက်ပွဲကား မစဲသေး။

နောက်ဆုံး မိုးသောက်ယံသို့ ရောက်သောအခါမှသာ စိတ်နှလုံးကို ဒိုးဒိုးချလျက် မြတ်စွာဘုရားအား လှူဒါန်းနိုင်ခဲ့ လေတော့သည်။

ဒါနပွဲကြီး အောင်မြင်သွား၏၊ ဗိုလ်ချုပ်သဒ္ဓါတရားက မစ္ဆေရ–ရန်သူပုန်ကို အပြတ်အသတ်ချေမှုန်း အနိုင်ယူသွားနိုင်ခဲ့သည်။

ထိုအခါကျမှသာ "ငါအောင်ပြီ၊ ငါအောင်ပြီ" ဟူသော ကြွေးကြော်သံကို လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဝမ်းသာ သုံးကြိမ်တိုင်တိုင် ကြုံးဝါးနိုင်ခဲ့ ကြွေးကြော်နိုင်ခဲ့သည်။

ထိုကြွေးကြော်သံကို ပသေနဒီကောသလမင်း ကြားသိသောအခါ အဝတ်ပုဆိုး (၃၂)ထည်ကို "ကောသာဋ္ဌကပုဏ္ဏား"အား ချီးမြှောက်လေ၏၊

ပုဏ္ဏားသည် မိမိအတွက် တစ်ထည်၊ ဇနီးပုဏ္ဏေးမအတွက် တစ်ထည် ဟူ၍ နှစ်ထည်ကိုသာ ယူလိုက်၏။ ကျန်အထည်(၃၀)ကို မြတ်စွာဘုရားအား လှူဒါန်းပူဇော်လိုက်၏။

ဘုရင်မင်းမြတ် ချီးမြှင့်လိုက်သော အဝတ်ပုဆိုးများကို အားလုံးမယူဘဲ မြတ်စွာဘုရားအား လှူဒါန်းလိုက်သော ပုဏ္ဏားအား ထပ်မံ၍ ချီးမြှောက်လိုသောစိတ်များ ဘုရင်မင်းမြတ်၌ ဖြစ်ပေါ်၏။

ဤကား–ဒါန၏ လက်ငင်း ချက်ခြင်း ဒိဋ္ဌဓမ္မအကျိုးဖြစ်၏။

မလိုချင်၍ရသော သာဓကကား ထင်ရှားလှ၏။

မင်းမြတ်သည် အဖိုးတစ်သိန်းစီ ထိုက်တန်သော ကမ္ဗလာပုဆိုးနှစ်ထည်ကို ထပ်မံ ချီးမြှင့်ပြန်၏။

ပုဏ္ဏားကလည်း တစ်ထည်ကို မြတ်စွာဘုရား သီတင်းသုံးတော်မူသော ဂန္ဓကုဋိကျောင်းတော်၏ မျက်နှာကျက်အတွက် လှူဒါန်း၏၊ ကျန်တစ်ထည်ကို မိမိအိမ်၌ ဂေဟာနိုးတော်အား ဆွမ်းကပ်သည့် နေရာ၌ မျက်နှာကျက် ပြုလုပ်ထားလိုက်လေသည်။

ထိုအကြောင်းကို မင်းမြတ် သိပြန်လေလျှင် (၄)ပါးတွဲဆု (၇)ခုကို ထပ်မံ ချီးမြှင့်ပြန်၏။

ထိုဆု(၇)ဆုကား–

၁။ ဆင်(၄)ကောင်

၂။ မြင်း(၄)ကောင်

၃။ ငွေသား စစ်စစ် (၄)ထောင်

၄။ အမျိုးသမီး(၄)ယောက်

၅။ ကျွန်(၄)ယောက်

၆။ အမျိုးသား(၄)ယောက်

၇။ ရွာ(၄)ရွာ–

တို့ဖြစ်သည်။

ဒါနကုသိုလ် အကျိုးကား ယခုဘဝမှာပင် ခံစားရသော ကောင်းမြတ်သော လုပ်ငန်းစဉ် အကြောင်းကို ဘုရားရှင် မိန့်ကြားခဲ့သည်။

ကောင်းမှုကုသိုလ် ပြုလုပ်နိုင်လျှင် ယခုပင်လျှင် ချက်ခြင်း ပြုလုပ်ရမည်၊ အချိန်နာရီ မဆိုင်းသင့်၊ ရက်ရာဇာ ပြဿဒါး–စသည် ရွေးနေရန်မလို။

ယခု ပြုလုပ်လျှင် ယခုပင် ကောင်းကျိုးချမ်းသာကို ခံစားရမည်ဟု ထပ်မံ မိန့်ကြားပြန်ပါသည်။

ထို့ကြောင့် အလှူအတန်း ဒါနလုပ်ငန်းကို တတ်စွမ်းသမျှ နေ့စဉ် မှန်မှန် ရက်မပြတ် ပြုလုပ်သင့်ပေသည်။ အလှူအတန်း ဒါနလုပ်ငန်းကို ပြုလုပ်ရမှာ မကြောက်ရွံ့သင့်ပေ၊ နောက်မတွန့်သင့်ပေ၊ မိမိတစ်နေ့တာ ရှာဖွေစုဆောင်း၍ ရခဲ့သော ပစ္စည်းဥစ္စာဒ်ကို စားဖို့၊ သုံးဖို့ မိသားစု စားဖို့ မချန်ဘဲ။ အကုန်ပြောင်အောင် လှူရမည်ဟု မြတ်စွာဘုရား ဟောကြားတော် မမူခဲ့ပေ၊ စားဖို့ သုံးဖို့လည်းထား၊ စားဖို့သုံးစွဲဖို့ထဲက စားသုံးဖို့ကို မထိခိုက်နိုင်သည့် ခံ့ဝေသတ်မှတ်၍ လှူဒါန်းပေးကမ်းစွန့် ကြဲခြင်း ဒါနကောင်းမှုကို အမြဲမပြတ် နိစ္စဗဒ် ပြုလုပ်ဖို့သာ ဟောကြား တော်မူခဲ့ပေသည်၊ ဒါနကန်းလျှင် ဘဝသံသရာတွင် ဆင်းရဲနွမ်းပါးတတ် သည်။ ဤအချက်ကို မိမိကိုယ်ကျိုးအတွက် အမြတ်ရလိုသူတိုင်း အထူး သတိချပ်ဖို့ လိုအပ်ပေသည်။

## ဒါနစွမ်းအား လွန်ကြီးမား

ဒါနဟူသည် မိမိ၌ရှိသော ပစ္စည်းကို အခြားသူများ လက်ထဲရောက် အောင် စွန့်လွှတ်ရ စွန့်ကြဲရသော စေတနာလုပ်ငန်း ဖြစ်သည်၊

သဒ္ဓါ ပညာ မေတ္တာ စွမ်းအားကြောင့် စွန့်လွှတ်ခြင်းဖြစ်၍ အင်အား ကြီးလှသော တန်ခိုးပါဝါ အပြည့်ရှိသော လုပ်ငန်းဖြစ်သည်။

ပစ္စည်းဉစ္စာအပေါ်၌ တွယ်တာ ကပ်ငြိနေသော လောဘနှင့် နှမြော တွန့်တိုသော မစ္ဆေရကို ဖျက်ဆီးပစ်နိုင်မှသာ ဒါနလုပ်ငန်း အောင်မြင် နိုင်ကြောင်း အလှူဒါနသည် တဏှာ လောဘနှင့် မစ္ဆေရစိတ်ဆိုးများကို ပယ်သတ်နိုင်ကြောင်း နားလည်နိုင်ပါပြီ။

အလှူဒါနပြုလုပ် လှူဒါန်းသောအခါ စိတ်အပူ အညစ်အကြေးများ ကို အနိုင်ယူ ဆေးကြောသုတ်သင်ပြီးမှ လှူဒါန်းရသဖြင့် စိတ်သည်

သန့်ရှင်းကြည်လင် သွား၏၊ စိတ်ကို အားရှိသွားစေ၏၊ပျော်ရွှင် ကြည်နူးစေ၏၊လန်းဆန်း တက်ကြွစေ၏။

သုဂတိဘဝ အကျိုးစည်းစိမ် ဥစ္စာအမျိုးမျိုးနှင့် ပြည့်စုံအောင် တာဝန်ယူပေးနိုင်သော စွမ်းအား ဒါနတရား၌ အပြည့်ရှိ၏။

ပွေလီရှုပ်ထွေးလှသော လောကမှ ထွက်မြောက်နိုင်သည့် လွတ်ငြိမ်းချမ်းသာမှု လောကုတ္တရာတရား ရသည်အထိ စွမ်းဆောင်ပေးနိုင်၏။

မိမိလက်ထဲ၌ ပေးလှူစရာ ပစ္စည်းဥစ္စာလည်း ရှိရမည်၊ ပေးလှူချင်သော စေတနာ-သဒ္ဓါအင်အားလည်း ရှိရမည်၊ အလှူခံပုဂ္ဂိုလ်များလည်း ရှိရမည်။ သို့မှသာ အလှူဒါန ဖြစ်ပေါ်လာ နိုင်ပါသည်။

## ပါရမီဆယ်ဝဒါနရှေးဦး

ဒါနသည် ပါရမီဆယ်ပါးတွင် ပထမဦးဆုံးပါရမီဖြစ်၏၊ဘုရားလောင်းတော်များ အားလုံးသည်လည်း ပါရမီဆယ်ပါးဖြည့်ကျင့်လျှင် ဒါနပါရမီကို ဦးစွာ ဖြည့်ကျင့်ခဲ့ကြသည်ချည်း ဖြစ်၏။ ထို့ကြောင့် ဒါနပြုသူများသည် အလောင်းတော်များ၏ ကျင့်စဉ် လမ်းကြောင်းကို လိုက်နာဆောင်ရွက်နေသူများသာ ဖြစ်သည်။

အူမတောင့်မှ သီလစောင့်နိုင်မည် ဖြစ်၍ အူမတောင့်စေနိုင်သော ဒါနကို ပြုသဖြင့် အကျင့်တွင် အခြေခံဖြစ်သော သီလကိုလည်း ထိန်းချုပ်ပေးနိုင်၏။

မိမိစိတ်ဓာတ်ရော သူတပါးစိတ်ဓာတ်ပါ နူးညံ့ သိမ်မွေ့ သွားစေတတ်၍ ဘာဝနာလုပ်ငန်းအတွက် အထောက်အကူ ဖြစ်စေနိုင်၏။

လူမှုဆက်ဆံရေးကို ပြေလည်စေ၏၊ ကွာဟနေသော ဟာကွက်များကိုလည်း ခြင်ခြင်ချောချော ညီညွတ်သွားစေနိုင်၏။

ဒါနပြည့်စုံမှ ပစ္စည်းဥစ္စာ ပြည့်စုံမည်ဖြစ်၏၊ ပစ္စည်းဥစ္စာ ပြည့်စုံမှ ပညာရေးကအစ ကိစ္စမှန်သမျှ၌ အဆင်ပြေစေ၏။ ချောမွေ့စေ၏။

တွေ့ကြုံခဲလှသော သာသနာတော်ကို ကြာရှည်စွာ တည်တံ့အောင် ထောက်ပံ့အားပေးနိုင်၏။ ဒါနသည် မေတ္တာလမ်းစဉ် လည်းဖြစ်၏၊ မေတ္တာပေါင်းကူးတံတားသဖွယ်ဖြစ်၏။

အလှူဒါန ပြုလုပ်ခြင်းသည် အကျိုးအားလုံး ပြီးစေနိုင်၏။ ရည်ရွယ်ချက်များ ပေါက်ရောက်အောင်မြင်နိုင်၏၊ မုန်းနေသူကို ချစ်ခင်လာစေ၏၊ ချစ်ခင်သူကို ပို၍ခိုင်မြဲစေ၏။ ဒါနသည်အချစ်ဆေး(ပီယဆေး)ဖြစ်၏။

ဒါနသည် မိုက်သောသူကို လိမ္မာစေ၏။ လိမ္မာသူကို ပိုမို၍ လိမ္မာယဉ်ကျေးစေ၏။ ဒါနသည် နေရာတကာတိုင်းမှာ အကျိုးကိစ္စများကို ပြီးမြောက်စေ၏။

အလှူဒါနကြောင့် နတ်လူအများ၏ လေးစားမှု ဂရုစိုက်မှု စောင့်ရှောက်မှုကို ခံရ၏။

ထို့ကြောင့် ဒါနလုပ်ငန်းသည် လူမှုရေးနယ်ပယ်တွင် အလွန်ခရီးရောက်သဖြင့် ဘဝစိုပြေသာယာရေးအတွက် ကေန်ပြုသင့်သော လုပ်ငန်းတစ်ခုဖြစ်လေသည်။

တစ်စတစ်စ စွန့်နိုင်မှသာလျှင် ဘဝနောက်နှောင်း ဆက်တိုင်းကောင်းနိုင်၏။

## အကြောင်းပြည့်စုံမှ လှူနိုင်ကြ

ဒါနပြုရာ၌—

(၁)သဒ္ဒါတရား၊

(၂)လှူရန်ပစ္စည်းဝတ္ထု၊

(၃)အလှူခံပုဂ္ဂိုလ်

ဒါနကြီးမုံ ၂—ဝ-မ-သ-စ

ဤသုံးပါး ပြည့်စုံမှ ဒါနလုပ်ငန်း အောင်မြင်နိုင်သည်။

အထက်ပါသုံးပါးတွင် ပြည့်စုံရန် အခက်ခဲဆုံး အရာကားသဒ္ဓါတရား ဖြစ်၏။

လှူဒါန်းရန် အလှူခံများဘက်မှ အကြောင်းမညီညွတ်သေး၍ နောက် တစ်ပတ်ခန့်ကြာအောင် ဆိုင်းငံ့ပြီးမှ လှူဒါန်းရန် မိန့်တော်မူသောအခါ ဒါယကာက စည်းစိမ်, အသက်နှင့် သဒ္ဓါတရားများ မပျက်စီးရေးကို အရှင်ဘုရားက တာဝန်ယူနိုင်လျှင် ဆိုင်းငံ့ပါမည်ဘုရားဟု လျှောက် ထားလေ၏။ ထိုအခါ—

ဒါနဟူသည်ကား မိမိပိုင်ပစ္စည်းကို အခြားသူတို့လက်ထဲ ရောက် အောင်အလကား ပေးလိုက်ရခြင်းဖြစ်၍ သဒ္ဓါမပါလျှင် ဒါနလုပ်ငန်း ဖြစ်မြောက်ရန် မလွယ်ကူပါ သဒ္ဓါ–ဟူသည် ဘုရား တရား သံဃာရတနာ မြတ်သုံးပါးနှင့် ကံ ကံ၏အကျိုး နောင်ဘဝရေးရာ သံသရာဖြစ်စဉ်ကို ယုံကြည်လက်ခံခြင်းတရားတည်း။

ဖေါ်ပြပါ–သဒ္ဓါရှိမှ ဒါနလုပ်ငန်း အောင်မြင်၏၊ သဒ္ဓါသည် ဒါန လုပ်ငန်းအတွက် လက်နှင့်တူ၏ လက်မပါလျှင် မည်သည့်ပစ္စည်းကိုမဆို အလွယ်တကူ မကောက်ယူနိုင်သကဲ့သို့ သဒ္ဓါမပါလျှင် ဒါနကုသိုလ်ကို ရအောင်မယူနိုင်ချေ။

ဘုရားရှင်လက်ထက်တော်၌ ရှင်မဟာမောဂ္ဂလ္လာန်၏ ဒါယကာ တစ်ဦး သည် ပစ္စည်းဥစ္စာများလည်း လှူရန်အဆင်သင့်ရှိနေ၏ အလှူခံ အရှင် မဟာမောဂ္ဂလ္လာန်နှင့်လည်း တွေ့ဆုံနေ၏ ရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော် မြတ်က–ခုနစ်ရက်အတွင်း၌ သင့်အသက်နှင့် ပစ္စည်းဥစ္စာများ အန္တရာယ် အယှက်မရှိရန် ငါတာဝန်ယူနိုင်၏ သို့သော်လည်း သင်၏ သဒ္ဓါတရား မပျက်စီးရေးကိုကား ငါတာဝန်မယူနိုင်ဟုအမိန့်ရှိလေ၏။

ဤ၀တ္ထုအရ တစ်စုံတစ်ယောက်သောအလှူရှင်၌သဒ္ဓါတရား ဖြစ်ပေါ် နေသော်လည်း ဖြစ်လာသော သဒ္ဓါတရား တည်တံ့နေရန် ခဲယဉ်းကြောင်း ကို သိနိုင်၏။

သို့ဖြစ်၍ သဒ္ဓါသည်၊ဒါနလုပ်ငန်းအတွက် အရေးကြီးဆုံးဖြစ်၏။ သဒ္ဓါ တရားဖြစ်ပေါ်နေလျှင် ဒါနဖြစ်ရန်မှာလည်း မခဲယဉ်းတော့ဘဲ၊ အလှူ ဒါနပြုရန် လွယ်ကူလေပြီ။

နောက်ပိတ်ဆုံး မိမိ၌ ၀တ္ထုကြေးငွေမရှိသော်လည်း အလွယ်တကူ ရနိုင်သော ရေမျှားဖြင့် မြတ်စွာဘုရားအား သောက်တော်ရေဆက်ကပ်ပြီး ဒါနကုသိုလ် ရယူနိုင်၏၊ သစ်တစ်ခက် ပန်းတစ်ပွင့်ဖြင့်လည်း ဘုရားပန်း ကပ်လှူကာ ရယူနိုင်လေ၏။

လာဇာဒေဝီ– နတ်သမီးအလောင်းသည် ကုလေးငယ်ဘ၀က သူမ ကစားနေသော ပေါက်ပေါက်ပန်းကို အရှင်မဟာကဿပကိုယ်တော်မြတ် အား လှူဒါန်းခဲ့သော ဒါနကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်ရလေ၏။

ပဒုမ၀တီ မိဖုယားအလောင်းသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား ပဒုမ္မာ ကြာပန်းတို့ကို လှူဒါန်းခဲ့သဖြင့် ပဒုမ္မာကြာနံ့ သင်းပျံ့ကာ ချောမောလှပသော ပဒုမ၀တီ မိဖုယားကြီး ဖြစ်ရလေ၏။

သို့ဖြစ်၍ ဒါနကုသိုလ်ပြုရာ၌ ပစ္စည်း၀တ္ထုတန်ဖိုးကြီးမားမှုထက် စေတနာ ဖြူစင်ထက်သန်ဖို့က ပိုမိုအရေးကြီးကြောင်း နားလည်သင့်ပါသည်။

## စိုက်ပျိုးရေးပမာ-ဒါနကိုမြင်ပါ

ဒါနလုပ်ငန်းသည် စိုက်ပျိုးရေး ပညာရှုထောင့်မှ ရှုမြင်သုံးသပ် လိုက်လျှင် ပျော်ရွှင်ဖွယ် အားတက်ဖွယ် ကျေနပ်နှစ်သက်ဖွယ် ကောင်း သောလုပ်ငန်းဖြစ်ကြောင်း လက်ခံနိုင်ပါမည်။

၂၉၂၇

ဥပမာ-စပါးတစ်တင်းကို ကြဲပက်သောအခါ လက်တွေ့အားဖြင့်ကား စပါးတစ်တင်းသည် ကုန်သွား၏၊ သို့သော်လည်း မျိုးစေ့၏ အပင်ပေါက်နိုင်သောသတ္တိ ပေါက်လာသည့်အပင်များမှ ထွက်ပေါ် ရရှိလာသောအဖိုးနှင့် အသီး သီးပေးနိုင်သောသတ္တိကို ယုံကြည်ထားသည့်အတွက် " ကုန်၏ "ဟူ၍ မမြင်၊ နှမြောဘွယ်ဟူ၍လည်း မထင်တော့ချေ။ ရရှိလာမည့်အကျိုးကို ယုံကြည်မျှော်ကိုး၍ လက်ငင်းအကျိုး မရှိသေးသော်လည်း အကုန်အကျခံကြ၏။တိုးပွား၍ ရလာမည့်အခြေအနေကို တွက်ဆပြီး ပျော်ရွှင်အားတက်နှစ်သက်နေရ၏။

ထိုနည်းတူစွာ တစ်ရာတန်လှူဒါန်း လိုက်သောအခါ တစ်ရာတန် ကုန်သွားသော်လည်း ဒါနကံကြောင့် ရရှိလာမည့် စွမ်းအား ရလဒ်ကို ယုံကြည်သိမြင်နေသဖြင့် ကုန်၏ဟူ၍ မမြင်။ နှမြောဘွယ်ဟူ၍လည်း မထင်တော့ဘဲ ပျော်ရွှင်အားတက်၍ နှစ်သက်ဘွယ်ရာ စွမ်းအားတန်ခိုး အနေဖြင့်သာ ရှုမြင်နိုင်သည်။

## စေတနာသုံးတန် ဒါနကံ

ဒါနလုပ်ငန်းကို စိုက်ပျိုးရေးပုံစံနှင့် ရှုမြင်သုံးသပ်ထားသောကြောင့် ဒါနတိုင်း၌ စွမ်းအား ထက်မြက် တန်ခိုးဟက်အောင် စေတနာသုံးတန် ထက်သန်ဖို့ရန် အထူးလိုအပ် လှပါသည်။

(၁) မလှူမီ လှူဖို့ပစ္စည်း စုဆောင်းစဉ်မှာလည်း ဝမ်းသာနေရမည်။

လှူလိုသော စေတနာကို မတွန့်မဆုတ်စေဘဲ မဖြစ်မနေ လှူဖြစ်အောင် လှူမည်ဟု ခိုင်ခိုင်ခံ့ခံ့ ထက်ထက်သန်သန် ထားနိုင်ရမည်။

(၂) လှူနေတုန်း အခါမှာလည်း စိတ်ကို ကြည်ကြည် လင်လင် ထားနိုင်ရမည်။

မိမိပြုလုပ်သော ဒါန၏ အကျိုးကို မိမိသာလျှင် ခံစားရမည်ဖြစ်၏၊ ထို့ကြောင့် လှူဆဲ စွန့်လွှတ်ပေးလှူဆဲ အချိန်၌ စိတ်ဓာတ် ကြည်လင်ရန် အရေးကြီးဆုံးသော အချိန်ဖြစ်၏။

(၃) အလှူကိစ္စ ပြီးဆုံးပြီးနောက်၌လည်း ကျေနပ်ဝမ်းမြောက် နေရမည်။

ရေ, မီး, မင်း, ခိုးသူ, အမွေခံသားဆိုး၊ သမီးဆိုး ဤရန်သူ ငါးမျိုးထက် မိမိက လက်ဦးနိုင်မှုကိုလည်းကောင်း၊ ပစ္စည်းမက်သော လောဘနှင့် နှမြောတွန့်တိုသော မစ္ဆေရ ဤအတွင်းရန်များကို အနိုင်ရယူနိုင်မှုကိုလည်းကောင်း၊ ပစ္စည်းဥစ္စာ၏ အနှစ်သာရကို ထုတ်ယူနိုင်မှုကိုလည်းကောင်း စဉ်းစားတွေးတော၍ ဝမ်းသာကျေနပ် နေရပါမည်။

စေတနာသုံးတန် ထက်သန်ပြည့်စုံလျှင် အကျိုးပေးသောအခါ ပြည့်ပြည့်စုံစုံ အကျက်စေ့စေ့ အကျိုးပေးတတ်၏၊ တစ်ခုခု လစ်ဟင်းသွားလျှင် အကျိုးပေးသောအခါ၌လည်း တစ်ခုခု လစ်ဟင်းတတ်သည်။ အကျိုးပေး မသန်ဖြစ်တတ်လေသည်။ ထို့ကြောင့် စေတနာသုံးတန် ထက်သန်ပြည့်စုံရန် ဂရုတစိုက် အလှူဒါနပြုလုပ် ထိုက်ပေသည်။

## အလှူ လှူရာဝယ် ရည်ရွယ်ချက်များ

မိမိမှာရှိသောပစ္စည်းကို အလှူခံပုဂ္ဂိုလ်ထံသို့ ရောက်အောင်ပေးကမ်း စွန့်ကြဲ လှူဒါန်းပူဇော်သောအခါ ပေးလှူသူ အလှူရှင်များသည် ရည်ရွယ်ချက် (၈) မျိုးအနက် တစ်မျိုးမျိုးဖြင့် ပေးကမ်းလှူဒါန်း တတ်ကြသည်။

ထိုရည်ရွယ်ချက်(၈)မျိုးမှာ–

(၁) အလှူခံပုဂ္ဂိုလ် မိမိထံသို့ ရောက်လာသဖြင့် တင်ကြို့စီစဉ်မှုမရှိဘဲ ကြုံကြိုက်၍ ပေးလှူခြင်း။

(၂) အပါယ်ဘေးနှင့် အကဲ့ရဲ့ခံရမည့်ဘေးတို့မှ ကြောက်လန့်၍ ပေးလှူခြင်း။

(၃) တစ်ချိန်က မိမိအား ပေးခဲ့ဘူးသည့်အတွက် တစ်ဖန် မိမိက ကျေးဇူးတုံ့ပြန်လို၍ ပေးလှူခြင်း။

(၄) နောင်အခါ၌ မိမိအား တစ်ဖန် ပြန်ပေးလိမ့်မည် ဟူသော ရည်ရွယ်ချက်မျိုးဖြင့် အလှူခံ၏ထံမှ ပြန်ရဖို့ရန် မျှော်လင့်ချက်ထား၍ ပေးလှူခြင်း

(၅) ဒါနသည် ကောင်းသောအလုပ်ဖြစ်၏ဟု ခံယူ၍ ပေးလှူခြင်း။

(၆) ငါတို့မပေးလှူလျှင် သူတို့စားရမည်မဟုတ်၊ မပေးလျှင် မသင့်တော်ဟု နှလုံးသွင်းကာ အလှူခံပုဂ္ဂိုလ်များကို သနား၍ ပေးလှူခြင်း။

(၇) နာမည်ကောင်းခြင်း၊ သတင်းကျော်ကြားခြင်း၊ ပေါ်လွင်မှုကို လိုလား၍ ပေးလှူခြင်း။

(၈) စိတ်ထားဖြူစင်လို စိတ်ဘ်စွမ်းအား ထက်မြက်လို၍ ပေးလှူခြင်းတို့ ဖြစ်သည်

ထိုရည်ရွယ်ချက် (၈)မျိုးတို့တွင် နောက်ဆုံး(၈)နံပါတ်အရ ပေးလှူခြင်းသည် အကောင်းဆုံး အမြတ်ဆုံး အထက်တန်းအကျဆုံးသော ရည်ရွယ်ချက် ဖြစ်ပါသည်။ အလှူဒါန ပြုမည်ကြံလျှင် အကောင်းဆုံး ဖြစ်သော ရည်ရွယ်ချက်မျိုးဖြင့် လှူဖြစ်အောင် စီမံဆောင်ရွက် သင့်ပေသည်။

## အလှူကိုဖျက်၊ အကြောင်းလေးချက်

အလှူဒါနမပြုဖြစ်အောင် ပိတ်ပင်နှောင့်ယှက်တတ်သော အကြောင်းတရား လေးပါးရှိသည်၊ ယင်းတို့ကား—

၁။ ရှေးဘဝက ပေးမှုလှူမှု လုပ်ငန်း၌ အလေ့အကျင့်မပြုလုပ်ခဲ့ခြင်း။

၂။ လှူရန်ပစ္စည်းဝတ္ထုမပြည့်စုံခြင်း၊ချို့ချို့တဲ့တဲဖြစ်နေခြင်း။

၃။ လှူရန်ပစ္စည်း ဝတ္ထုက မလှူရက် မတန်းရက် လောက်အောင် လွန်စွာ ကောင်းမွန်နေခြင်း။

၄။ ဥစ္စာပစ္စည်းများ ကုန်ခမ်းသွားမည်ကို စိုးရိမ်ပူပန်ခြင်းတို့ပင် ဖြစ်၏။

ဤလေးပါးတွင် တပါးပါးကြောင့် ဒါနလုပ်ငန်း အထမမြောက်ဘဲ ဖြစ်တတ်၏။ ဒါနလုပ်ငန်း အောင်မြင်ရန် ခဲယဉ်းနေ၏။

## အကောင်းဆုံး ဒါနဖြစ်အောင် လှူနည်းများ

အလှူဒါနပြုရာ၌ အကောင်းဆုံး ဒါနဖြစ်ရန် စနစ်တကျ မှုချ၍ လှူဒါန်း တတ်ရန် အရေးကြီးပါသည်။ လှူဒါန်းပုံ လှူဒါန်းနည်းမှာ—

၁။ အမြတ်တနိုးလှူရပါမည်။

လှူမည့်ပစ္စည်းကို ကောင်းသည်ထက် ကောင်းအောင် စီစဉ်၍ အမြတ်တနိုး လှူဒါန်းရမည် အလှူခံ ပုဂ္ဂိုလ်ကိုလည်း တန်ဖိုးထား လေးစားလျက် ကောင်းမွန် သန့်ရှင်းသည့် နေရာ၌ နေစေပြီး ပေးလှူရမည်။

၂။ စိတ်ပါလက်ပါ ဝမ်းမြောက်ဝမ်းသာ ကြည်ဖြူ လက်သန်စွာလှူရပါမည်။ ဒါနလုပ်ငန်းကို အထူးအဆန်း အံ့ဩဖွယ် လုပ်ငန်းအနေဖြင့် စိတ်ထဲ၌ သဘောထားလျက် စိတ်ပါဝင်စားစွာ တက်တက်ကြွကြွ လှူဒါန်း ရပါမည်။

ကိုယ်ဖြင့်လည်း ရှိသေသည့်အမူအရာကို ပြရမည်။ စိတ်ဖြင့်လည်း ထက်သန်တက်ကြွ စိတ်ပါဝင်စား တန်ဖိုးထားရပါမည်။

၃။ ကိုယ်တိုင်ကိုယ်ကျ ကိုယ်ထိလက်ရောက် လှူဒါန်းရပါမည်။

အခြားသူများကို လှူဒါန်းခိုင်းလျှင်လည်း ကုသိုလ်ရနိုင်သည်သာ၊ သို့သော်သည်း အခြားသူများကို အလှူခိုင်းပြီး လှူခြင်းထက် အလှူရှင်ကိုယ်တိုင် ကိုယ်ထိလက်ရောက် (သာဟတ္ထိက ဒါနမြောက်) လှူဒါန်းခြင်းက သာလွန်၍ အကျိုးကြီးမားပါသည်။

၄။ အလှူခံပုဂ္ဂိုလ်အား ချီးမြှောက်ပူဇော်သော အနေအားဖြင့် လှူဒါန်းရပါမည်။

ပစ္စည်းဥစ္စာကို မလိုချင်၍ စွန့်ပစ်ခြင်းမျိုး မဖြစ်စေရပါ။ ပစ္စည်း၏ အနှစ်ကို ထုတ်ယူသော အနေအားဖြင့် ပေးလှူရမည်၊ ဒါနစွမ်းအားကို ရအောင် ယူသော အနေအားဖြင့် ပေးလှူရမည်။

၅။ ကံနှင့်ကံ၏ အကျိုးတရားသည် ကေန်အမှန်ရှိ၏ဟု ဖုံးကြည် သိမြင်သော အသိဉာဏ်ရှေ့ထား၍ ပေးလှူရပါမည်။

မျိုးစေ့စိုက်ပျိုးသော ပုံစံကို ပမာယူ၍ တိုးပွားလာမည့် စွမ်းအား များကို ရှင်းရှင်းလင်းလင်း ဉာဏ်ဖြင့်သိမြင်ပြီး ပေးလှူရမည်။ လှူ၍ ရလာမည့် ရလဒ်ကို မြင်အောင်ကြည့်ရှု ရပါမည်။

အမည်ခံအလှူရှင်နှင့် ကိုယ်တိုင် လှူသူ အကျိုးရပုံကွာခြား

ရှေးအခါ၌ ဆေရုပါယာသိမ္မိစား (မြို့ဘောဝ်ဒန်)နှင့် တပည့် ဥတ္တရ လုလင်ဟူ၍ ဆရာတပည့်နှစ်ဦးရှိ၏။ မြို့စားကြီးသည် အလှူအတန်းလုပ် သော်လည်း ရိုသေလေးစားမှုမရှိ စိတ်စေတနာ ထက်သန်မှုမရှိချေ။

ကိုယ်တိုင်ကိုယ်ကျ သာဟတ္ထိက အနေအားဖြင့်လည်း တစ်ကြိမ် တစ်ခါမျှ လှူဒါန်းခြင်း မရှိပေ။

လှူရန်ပစ္စည်းများကို ထုတ်ပေးပြီးနောက် တပည့်ဥတ္တရလုလင်ကိုသာ အလှူခိုင်းလေ့ရှိပါသည်။

မလိုချင်၍ လွှင့်ပစ်သကဲ့သို့သာ ပေးစွန့်နေပေသည်။ ဉာဏ်အမြင်လည်း မပါချေ။

ထို့ကြောင့်ပါယာသိ မြို့စားကြီးသက်တမ်းစေ့၍ ကွယ်လွန်သောအခါ စတုမဟာရာဇ် နတ်ဘုံ၌ အလွန်အောက်တန်းကျသည့် အညံ့စား နတ်သားဖြစ်ရသည်။

တပည့်ဥတ္တရလုလင်သည်ကား သူတပါး၏ပစ္စည်းဖြင့် လှူဒါန်းရသော်လည်း ပေးလှူရခြင်းကို ရှိသေလေးစား၏၊ စိတ်အားထက်သန်၏၊ ကိုယ်တိုင်ကိုယ်ကျလှူ၏၊ စွမ်းအားကို လိုသောအနေအားဖြင့် အသိဉာဏ်ရှေ့ထား၍လှူ၏။

ထို့ကြောင့် တပည့်ဥတ္တရလုလင် ကွယ်လွန်သောအခါ တာဝတိံသာ နတ်ပြည်၌ အလွန်အထက်တန်းကျသော အဆင့်မြင့် နတ်သားဖြစ်ရပေသည်။

ဤကား ပစ္စည်းဥစ္စာအကုန်ခံသော်လည်း ကိုယ်တိုင်ကိုကျလည်း မပေးလှူ၊ အသိဉာဏ်လည်း မပါသော အလှူရှင်နှင့် သူတပါး၏ အလှူ၌ စေတနာထက်သန်စွာ ကိုယ်တိုင်ကိုယ်ကျ အသိဉာဏ်ဦးစီးပြီး ဝေယျာဝစ္စ ဆောင်ရွက်၍ လှူဒါန်းပေးသော အကျိုးဆောင် အလှူရှင်တို့၏ အကျိုးခံစားရာ၌ အဆင့်အတန်းကွာခြားပုံတည်း။

## အထက်တန်းစား ဒါနအား

**အထက်တန်းစား အဆင့်မြင့် ဒါနလုပ်ငန်းဖြစ်ရန်အတွက်—**

၁။ အလှူရှင်သည် မလှူမီ သီလနှင့်ပြည့်စုံရပါမည်။

ဒါနကြေးမုံ—၃၊ ပ-မ-သ-စ

၂။ အလှူခံ ပုဂ္ဂိုလ်သည်လည်း သီလနှင့် ပြည့်စုံရပါမည်။

၃။ လှူဖွယ်ဝတ္ထုသည် တရားသဖြင့် ရှာမှီးထားသော စင်ကြယ်သည့် ပစ္စည်းမျိုး ဖြစ်ရပါမည်။

၄။ လှူနေစဉ်အခါ၌ စိတ်ကြည်လင် နေရပါမည်။

၅။ စိုက်ပျိုးရေးသမား၏ အသိမျိုးထားသကဲ့သို့ အလှူ၏ အကျိုးရလာဘ်ကိုသိမြင်လျက် လှူရပါမည်။

၆။ မလှူခင်ရှေ့ပိုင်း လှူပြီးနောက်ပိုင်း ကာလတို့၌လည်း စိတ်ကြည်လင် ဝမ်းမြောက် နေရပါမည်။

ဤအင်္ဂါရပ်များနှင့် ပြည့်စုံလျှင်အလွန်အကျိုးကြီးမားသော အထက်တန်းစား အဆင့်မြင့် အလှူဒါန ဖြစ်ပါသည်။

မဟာသမုဒ္ဒရာတည်း၌ ရှိသော ရေကို "ဤရွေ့ဤမျှရှိ၏"ဟု မရေတွက်နိုင်သကဲ့သို့–

ဤအထက်တန်းစား အဆင့်မြင့် အလှူဒါန၏ အကျိုးကိုလည်း "ဤရွေ့ဤမျှ အကျိုးကြီး၏" ဟု မရေတွက်နိုင်ပေ၊ အကျိုးတရားအသင်္ချေမက ခံစားစံစားရမည်ဖြစ်ကြောင်း နားလည် ယုံကြည်၍ အလှူဒါနများကို တိုးပွားအောင် ကြိုးစား၍ ပြုသင့်လှပေသည်။

### အယုတ် အလတ် အမြတ် အလှူ

အလှူဒါနလုပ်ငန်းသည် အလှူရှင်၏ စိတ်နေသဘောထား ရည်မှန်းချက်များကြောင့် သုံးပါးကွဲပြားသည်။ ထိုသုံးပါးကား–

၁။ အောက်တန်းစား အညံ့စားဒါန၊

၂။ အလတ်တန်းစား အလယ်အလတ်စားဒါန၊

၃။ အထက်တန်းစား အမြတ်ဆုံး ဒါနတို့ဖြစ်သည်။

ထိုသုံးပါးတို့တွင် ညံ့ဖျင်းသောဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာ(၄)ပါးတို့ဖြင့် ပြုလုပ်သော ဒါနသည် အညံ့စား ဒါနဖြစ်၏။

သာမန် အလယ်အလတ်ဖြစ်သော ဆန္ဒ စသည်တို့ဖြင့် ပြုလုပ်သောဒါနသည် အလတ်တန်းစား ဒါနဖြစ်၏။

ထက်သန် ကောင်းမွန်သော ဆန္ဒ စသည်တို့ဖြင့် ပြုလုပ်သောဒါနသည် အထက်တန်းစား ဒါနဖြစ်သည်။

ထို့ပြင်–ဘုရားဒကာ၊ ကျောင်းဒကာ၊ သာသနာ့ဒကာ၊ ရဟန်းဒကာ၊ အလှူဒကာ စသောဂုဏ်သတင်းကျော်ဇောမှုကို လိုလား၍ပြုသော ဒါနသည် အညံ့စားဒါန၊ အမည်ခံအလှူမျိုးသည် ဤဒါနတွင်ပါဝင်သည်။

ကောင်းမှုအကျိုးကို ရလို၍ပြုသော ဒါနသည် အလတ်တန်းစားဒါန။

အကျိုးကို မမျှော်ကိုးဘဲ "ဒါနဟူသည် သူတော်ကောင်းမွန်လျှင်ကေန် ပြုရမည့် လုပ်ငန်းဖြစ်၏" ဟု ခံယူ၍ပြုသော ဒါနသည် အထက်တန်းစားဒါနဖြစ်၏။

တစ်နည်းအားဖြင့်— မိမိကိုမြှောက်၍ သူတပါးကို နှိမ်ချလိုခြင်း ဟူသော စိတ်သဘောထားမျိုးဖြင့် ပြုသောဒါနသည် အညံ့စားဒါန။

ထိုစိတ်မျိုးမပါဘဲ လောကီချမ်းသာကို ဆုတောင်း၍ ပြုသော ဒါနသည် အလတ်စားဒါန။

မဂ်ဖိုလ် နိဗ္ဗာန်ချမ်းသာမှန်ကို ရည်သန်ဆုတောင်း၍ ပြုသောဒါနသည်အထက်တန်းစား ဒါနဖြစ်၏။

ထို့ပြင်လည်း ဘဝစည်းစိမ်ကို ဆုတောင်း၍ လှူဒါန်းလျှင် အညံ့စားဒါန။

မိမိ၏သံသရာမှ လွတ်မြောက်ရေးကို ဆုတောင်း၍ လှူဒါန်းလျှင် အလတ်စားဒါန။

သတ္တဝါအပေါင်း၏ လွတ်မြောက်ရေးအတွက် ဘုရားအလောင်းတော်တို့၏ ဒါနသည်အမြတ်ဆုံးအထက်တန်းအကျဆုံး ပါရမီဒါနဖြစ်ပါသည်။

ဤသို့ဒါနနှင့် ပက်သက်၍ တစ်မျိုးထက်တစ်မျိုး အဆင့်ဆင့် သာလွန်ပုံကို ဖေါ်ပြခြင်းသည် အလှူရှင်များအတွက် အထက်တန်းစား အမြတ်စား ဒါနမျိုးကို ပြုတတ်ကြစေရန် ဖေါ်ပြခြင်းဖြစ်သည်။

အလှူရှင်များ ပစ္စည်းကုန်ရကျိုးနပ်အောင် ဆောင်ရွက်နိုင်ကြပါစေ။

## အလှူပေးတတ်လျှင်၊အကျိုးထင်

ဘဝသံသရာ၌ ကျင်လည်နေရပြီး နိဗ္ဗာန်ကို မျက်မှောက် မပြုရသေးသဖြင့် ဘဝမဆုံးသေးလျှင် ပါရမီဒါနဖြစ်ရန် လိုအပ်ပြန်ပါသည်။

## ဤကဲ့သို့ ပါရမီအနှစ် ဒါနစင်ဖြစ်ရန်

၁။ နိဗ္ဗာန်ကို ရည်မှန်းချက်ထား၍ လှူရပါမည်။

၂။ အသိဉာဏ် ရှေ့တန်းတင်၍ လှူရပါမည်။

ရှိ၍လှူမှုထက် သိ၍လှူမှုကို ဦးစားပေးရမည်။ ရှိဖို့ထက် သိဖို့ကို ဦးတည်ရပါမည်။

၃။ ရွှင်လန်းဝမ်းမြောက်စွာ လှူရမည်။

"လှူခြင်းဟူသည် မိမိအတွက် ကောင်းကျိုးကိုယူခြင်း" ဟူ၍သာ မြင်ပြီးနောက် ဝမ်းသာနေရပါမည်။

၄။ အောင်မြင်မှု တစ်ခု ရလိုက်သကဲ့သို့ တက်တက်ကြွကြွ လှူရပါမည်။

၅။ သီလ, သမာဓိ, ပညာ-သိက္ခာသုံးရပ် အကျင့်မြတ်လမ်းစဉ်ကို သန့်ရှင်းစေရပါမည်။

၆။ မလှူမီ ရှေ့ပိုင်းနှင့် လှူပြီးနောက်ပိုင်းမှာ အပူသောကကင်းရပါမည်။

ဤအင်္ဂါ (၆) ပါးနှင့်ပြည့်စုံသော အလှူဒါနသည် အထက်တန်းစား အဆင့်မြင့် ဒါနလုပ်ငန်းပင် ဖြစ်ပါသည်။

## အလှူ(၈)မျိုးစွမ်းရည်တိုး

အလှူ၏အကျိုးကို သိကြသော ပညာရှိ သူတော်ကောင်းတို့သည် အလှူဒါန ပြုလုပ်ကြသောအခါ မိမိအလှူ၏ စွမ်းအား ထက်မြက်ရန် အတွက်လှူနည်း (၈) မျိုးဖြင့် ပေးလှူလေ့ရှိကြသည်။

ယင်း(၈)မျိုးမှာ–

၁။ သန့်ရှင်းစင်ကြယ်လှပသော ပစ္စည်းကို ပေးလှူခြင်း။

၂။ မိမိသုံးစွဲသော ပစ္စည်းထက် မွန်မြတ်သော ပစ္စည်းကိုသာ ပေးလှူခြင်း။

၃။ လှူဖို့ရန် သင့်တင့်လျောက်ပတ်သော အခါ၌ ပေးလှူခြင်း။

၄။ အလှူခံပုဂ္ဂိုလ်နှင့် သင့်တော်အပ်စပ်သော ပစ္စည်းကို ပေးလှူခြင်း။

၅။ လှူလျှင် အကျိုးကြီးနိုင်သော အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်၍ လှူဒါန်းခြင်း။

၆။ မကြာခဏ အမြဲမပြတ် လှူဒါန်းခြင်း။

၂၇၂၀

၇။ လှူစဉ်အခါ၌စိတ်ကြည်လင်စေလျက် သဒ္ဓါပညာ ဦးစီး၍ လှူခြင်း

၈။ လှူပြီးသော အခါ၌ ဝမ်းမြောက် ဝမ်းသာ ဖြစ်နေခြင်းတို့ ဖြစ်ပါသည်။

ဤသို့ လှူဒါန်းခြင်းသည် အလှူ၏အကျိုးကို နားလည်ကြသော ပညာရှိ သူတော်ကောင်းတို့၏ လှူဒါန်းပုံ လှူဒါန်းနည်းဖြစ်ပါသည်။

ကျိုးရမတူ၊ လူလေးမျိုး

အလှူဒါန ပြုလုပ်ရာ၌ ကိုယ်တိုင်လှူမှု၊ သူတပါးကို ဆော်ဩ တိုက်တွန်းပြီး အလှူခိုင်းမှု နှစ်ပါးကိုမူတည်ပြီး လှူပုံလေးမျိုး ကွဲပြားသဖြင့် အကျိုးတရားလည်း လေးမျိုး ကွဲပြားရပြန်သည်။

ယင်းတို့မှာ—

၁။ ကိုယ်တိုင်သာပေးလှူ၍ သူတပါးကို လှူဖို့ မနှိုးဆော်သူသည် ဖြစ်လေရာရာ ဘဝသံသရာ၌ ကျင်လည်ရသောအခါ ပစ္စည်းဥစ္စာသာ ပေါများကြွယ်ဝပြီး အခြံအရံ ပရိသတ်မရှိ နည်းပါးသူ ဖြစ်တတ်သည်။

၂။ သူတပါးကို လှူဖို့ နှိုးဆော်ပြီး ကိုယ်တိုင် မပေးလှူသူသည် အခြံအရံ ပရိသတ်သာ ပေါများပြီး ပစ္စည်းဥစ္စာ ရှားပါးမွဲတေသူ ဖြစ်တတ်ပြန်သည်။

၃။ ကိုယ်တိုင်လည်း မလှူ၊ သူတပါးကိုလည်း လှူဖို့မနှိုးဆော်သူမှာ ပစ္စည်းရှားပါးခြင်း အခြံအရံနည်းပါးခြင်း နှစ်မျိုးလုံး ဖြစ်တတ်သည်။

၄။ ကိုယ်တိုင်လည်းလှူ၊ သူတစ်ပါးကိုလည်း လှူဖို့ နှိုးဆော်သူကား ပစ္စည်းဥစ္စာ ပေါများ ကြွယ်ဝချမ်းသာခြင်း၊ အခြံအရံ မိတ်ဆွေ ပရိသတ်များပြားခြင်း အကျိုးနှစ်မျိုးလုံးနှင့် ပြည့်စုံရတတ်သည်။

သို့ဖြစ်၍ ကိုယ်တိုင်လည်း တတ်အားသရွေ့ လှူဒါန်းနိုင်အောင် ကြိုးစားရမည်။ သူတစ်ပါးကိုလည်းလက်လှမ်းမီသမျှလှူဒါန်းရန် တိုက်တွန်းနှိုးဆော်သင့်သည်။ သို့မှသာ အဘက်ဘက်ပြည့်စုံပြီး စိတ်ချမ်းမြေ့ပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်ပေသည်။

## စွမ်းအင်ပြည့်ရေး အလေးပေး

အလှူဒါနာ၏စွမ်းအင်သတ္တိများသည် အလွန်ကြီးမားသည်။ထိုသတ္တိကို အပြည့်အဝ ရရှိနိုင်ရန် မလှူမီ ရှေ့ပြေးလေးချက်ကို ဆင်ခြင်ရပါမည်။

ယင်းတို့မှာ–

၁။ ငါ၏အသက်သည် မမြဲဟု ဆင်ခြင်ရမည်။ လှူနေဆဲ အခါ၌ မိမိ၏ ခန္ဓာအစဉ်ပေါ်၌ မစွဲလမ်း မတွယ်တာ စေရန်အတွက် ဖြစ်၏။ ဘဝခန္ဓာအပေါ်၌ တွယ်တာ စွဲလမ်းမှု ဥပါဒါန်ကို ရှေ့တန်းမတင်ဘဲ ပယ်ခွာနိုင်ရေးအတွက်ပင်ဖြစ်၏။

၂။ ပစ္စည်းဥစ္စာသည်လည်း မမြဲဟု ဆင်ခြင်ရမည်။ လှူနေဆဲအခါ၌ ပစ္စည်းဥစ္စာအပေါ်၌ တွယ်တာသာယာနေသော စိုပ်ကင်းသွားစေရန်အတွက် ဖြစ်၏။

၃။ ပစ္စည်းဥစ္စာဟူသည် အများနှင့်ဆက်ဆံနေသော ဘုံဆိုင်ပစ္စည်းဟုလည်း ဆင်ခြင်ရမည်။ ထိုသို့ဆင်ခြင်မှသာ ကိုယ်ပိုင်အနှစ်သာရဖြစ်သော မြတ်ဒါန လုပ်ငန်းစဉ်ကို ရဲရဲဝံ့ဝံ့ ရှင်းရှင်းလင်းလင်း ထုတ်ယူနိုင်မည်ဖြစ်၏။

၄။ အလှူခံပုဂ္ဂိုလ်နှင့်တကွ သတ္တဝါတို့အပေါ်၌ ကောင်းကျိုးလိုလားသော မေတ္တာစိတ်၊ နူးညံ့သိမ်မွေ့ အေးမြကြည်သာသော ကရုဏာစိတ်ထားရပါမည်။

ဆင်းရဲနေသော ဒုက္ခိတသတ္တဝါများအတွက် ပေးစွန့်လှူဒါန်းသော အခါ ဆင်းရဲဒုက္ခများမှ လွတ်စေလိုသော ကရုဏာ စေတနာဖြင့် ပေးစွန့် လှူဒါန်းရပါမည်။

ချမ်းသာသော သုခိတသတ္တဝါနှင့် အကျင့်သီလ မြင့်မြတ်ကြသော ပုဂ္ဂိုလ်တို့အတွက် ပေးစွန့်လှူဒါန်း ပူဇော်သောအခါ ချမ်းသာစေလို သော မေတ္တာ စေတနာ ရှေ့ထား၍ လှူဒါန်းရပါမည်။

ဤသို့သော အလှူဒါနမျိုးသည် ဒါနကိုအခြေခံပြီး သမထ, ဝိပဿနာ စွမ်းအင် ခြံရံနေသည့်အတွက် အပူအပင်ကင်းစင်ပြီး ကြည်လင်အေးမြ အထက်တန်းကျသော စွမ်းအားများစွာ ပြည့်ဝသော ဒါနမျိုးဖြစ်သည်၊ ပါရမီပြည့်ဝသော မြတ်ဒါနမျိုးကို စွမ်းအားတိုးမြှင့် ဂုဏ်ရောင်တင့်အောင် ပြုလုပ်သင့် လှူဒါန်းသင့်လှပေသည်။

## သပ္ပုရိသ မြတ်ဒါန

ပညာရှင်သူတော်ကောင်းတို့သည် အလှူဒါနပြုလုပ်သောအခါ

မှု (၅) မျိုး ချမှတ်၍ လှူဒါန်းလေ့ရှိကြသည်၊ ၎င်းမှု (၅) ချက်ကား—

၁။ သဒ္ဓါတရား ထက်သန်စွာဖြင့် ယုံယုံကြည်ကြည်လှူဒါန်းခြင်း

စိတ်ကြည်လင်မှုကြောင့် ရုပ်ရေအဆင်းလှပခြင်းနှင့် ပြည့်စုံ၏၊ အသား အရေ ဝင်းဝါစိုပြေ၏၊ ရှုချင်စဖွယ် တင့်တယ်ကျန ကျက်သရေအလှနှင့် ပြည့်စုံနိုင်၏။

၂။ ပစ္စည်းကိုလည်းသန့်ရှင်းစွာ စီမံ၍ အလှူခံကိုလည်း လေးစား လျက် ရိုရိုသေသေ လှူဒါန်းခြင်း၊

ရိုရိုသေသေ လှူဒါန်းမှုကြောင့် လက်အောက်ငယ်သားများ အပေါ် ဩဇာညောင်းခြင်း အများ၏ လေးစားကြည်ညို ရိုသေမှုကို ခံယူရခြင်း အကျိုးများကို ရရှိနိုင်၏။

၃။ လိုအပ်သောအခါ၌ လိုအပ်သော ပစ္စည်းကို လှူဒါန်းခြင်း။

နံနက်အခါ၌ ဆွမ်းဘောဇဉ် လှူဒါန်းခြင်း၊ နေလွဲအချိန်၌ ဖျော်ရည် စတုမဓု၊ ထန်းလျက်၊ သကြားများကို လှူဒါန်းခြင်း၊ ကျောင်းဆောက်သောအခါ၌ ကျောင်းအတွက် နဝကမ္မလှူဒါန်းခြင်း၊ စေတီဘုရား တည်ထား ကိုးကွယ်သောအခါ၌ ဥပနာ ပစ္စည်းများ လက်ဝတ်ရတနာများနဝကမ္မများ လှူဒါန်းခြင်းစသည်တို့ဖြစ်သည်၊

အချိန်အခါကို သိရှိနားလည်စွာ လှူဒါန်းခြင်းကြောင့် အရွယ်သုံးပါး စလုံးအတွက် သင့်တော်သော အလိုရှိသော ပစ္စည်းများကို လွယ်လွယ်ကူကူ ရရှိခံစားရခြင်း အကျိုးများကို ရနိုင်၏။

၄။ အလှူခံနှင့် လှူဖွယ်ပစ္စည်း ဝတ္ထုအပေါ်၌ ငြိကပ်တွယ်တာ မှုမရှိဘဲ လွှတ်လွှတ်ကျွတ်ကျွတ် ပြတ်ပြတ် သားသား လှူဒါန်းခြင်း၊

ငြိကပ်တွယ်တာမှု မရှိဘဲ ပြတ်ပြတ်သားသား လှူဒါန်းမှုကြောင့် သန့်စင် ကောင်းမွန်သော ပစ္စည်းကောင်း ပစ္စည်းလှများကို သုံးဆောင် ခံစားရခြင်း အကျိုးများကို ရရှိခံစားနိုင်၏။

၅။ မိမိနှင့်သူတပါးကို မထိပါး မပုတ်ခတ်ဘဲ လှူဒါန်းခြင်း၊

တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင် စိတ်မျိုးမထားဘဲ ပစ္စည်းဥစ္စာ၏ အနှစ်သာရကို ထုတ်ယူသောအနေအားဖြင့် လှူဒါန်း၏။ ထိုသို့မထိပါး မပုတ်ခတ်ဘဲ လှူဒါန်းမှုကြောင့် ရန်သူမျိုးငါးပါးဘေးမှ ကင်းလွတ်ခြင်း အနှောင့်အယှက်ဘေးရန် အန္တရာယ်မှ ကင်းရှင်းခြင်း အကျိုးများကို ခံစားနိုင်ပါသည်။

ဤသည်တို့ကား ပညာရှင် သူတော်စင်များ၏ လှူပုံလှူနည်းများ ဖြစ်ကြပေသည်။

**ဒါနစကြီးမှု [illegible]**

စီးပွားဥစ္စာထဲမှ ဒါနအနှစ်တရားကို ထုတ်ယူ ဆည်းပူး လိုကြကုန်သော အလှူရှင်တို့ ယခုလည်း အထက်ပါ ကောင်းကျိုးများသာမက နိဗ္ဗာန်တိုင်အောင်သော အကျိုးအနှသကို ပေးစွမ်းနိုင်သည့် ဒါနကုသိုလ်လုပ်ငန်းမြတ်ကို ယုံကြည်လေးစား စစ်မှန်သောသဒ္ဓါတရားဖြင့် ဆည်းပူးပြုလုပ် အားထုတ်သင့်လှပေသည်။

## ပစ္စည်းကြောင်းခံ၊ လှူသုံးတန်

လှူဒါန်းမည့် လှူဖွယ်ပစ္စည်းဝတ္ထုကို အကြောင်းပြု၍ အလှူသုံးမျိုး ကွဲပြားပါသေးသည်။ ယင်းတို့မှာ–

၁။ သုံးစွဲနေသောပစ္စည်းအောက် အညံ့စား ပစ္စည်းကိုလှူခြင်း၊

မိမိတို့သုံးစွဲနေသည့် ပစ္စည်းလောက်မျှ တန်ဖိုးမရှိဘဲ အပေါစား အညံ့စား ပစ္စည်းများကို လှူဒါန်းခြင်းသည် အညံ့စားပစ္စည်း အလှူ (ဒါနဒါသ) မည်၏။

အကောင်းကို ကိုယ့်အတွက်ထားပြီး မကောင်းသည်ကို ရွေးချယ်ပေးလိုက်သဖြင့် ပစ္စည်းအားဖြင့် အောက်တန်းကျသော အလှူဖြစ်သွား၏။

စေတနာ အရည်အချင်း မပြည့်မီသောကြောင့် အကျိုးပေးသော အခါ၌လည်း အပေါစား အညံ့စား ပစ္စည်းများကိုသာ ရရှိသုံးဆောင် ခံစားနိုင်လေသည်။

၂။ သုံးစွဲနေကျပစ္စည်းနှင့် တန်းတူထားသော ပစ္စည်းအလှူ၊

မိမိတို့ သုံးစွဲနေသည့် အသုံးအဆောင်ပစ္စည်းများနှင့် အမျိုးတူ အဆင့်တူ အရည်အချင်းတူ ပစ္စည်းများကို လှူဒါန်းခြင်းသည် တန်းတူထားသော ပစ္စည်းအလှူ (ဒါနသဟာယ) မည်၏။

စေတနာအရည်အချင်း ပြည့်မီသောကြောင့် အကျိုးပေးသောအခါ အရည်အသွေးမီ ကောင်းမွန်သော ပစ္စည်းအသုံးအဆောင်များကို ရရှိခံစားနိုင်ပေသည်။

၃။ သုံးစွဲနေသော ပစ္စည်းထက်သာလွန်သော ပစ္စည်းအလှူ၊

မိမိတို့သုံးစွဲနေသည့် အသုံးအဆောင် ပစ္စည်းများထက် သာလွန်ကောင်းမွန်သော ပစ္စည်းများကို လှူဒါန်းခြင်းသည် အလွန်ကောင်းမွန်သော ပစ္စည်းအလှူ (ဒါနသာမိ) မည်၏။

မွန်မြတ်သန့်စင်၍ အကောင်းစား ပစ္စည်းများကို လှူဒါန်းခြင်းကြောင့် အကျိုးပေးသောအခါ၌ အကောင်းစား ထိတ်ထိတ်ကြဲ ပစ္စည်းများကို ရရှိခံစားနိုင်ပေသည်။

ဤသို့ ပစ္စည်းများကို အကြောင်းပြု၍ အကျိုးပေးပုံထူးခြားမှုကို နားလည် သဘောပေါက် ထားကြဖို့လည်း လိုအပ်ပါသည်။

မှတ်ချက်။ ။ အလှူရှင်များသည် မိမိ၏လှူဖွယ်ဝတ္ထုဖြင့် ရရှိမည့် ကောင်းကျိုးများကို လဲလှယ်၍ ယူကြရသောကြောင့် ထိပ်တန်းစား အကျိုးများကို ယူလိုကြသူများ ဖြစ်ကြရကား လှူမည့်ပစ္စည်းနှင့်အကျိုးလိုလားသော အာသီသ ညီမျှအောင် လှူမည့်ပစ္စည်းများ မိမိသုံးစွဲနေသော ပစ္စည်းများထက် အဆင့်မြင့်သော ပစ္စည်းများ ဖြစ်ရန် အထူး သတိပြုသင့် ကြပေသည်။

## ဒါနတန်ခိုး ကျိုးငါးမျိုး

ဒါနလုပ်ငန်းဟူသည် လူမျိုးဘာသာမရွေး ပြုလုပ်သင့် ပြုလုပ်ထိုက်သော လောကအကျိုးပြု အမွန်မြတ်ဆုံး လုပ်ငန်းဖြစ်သည်။

ဒါနပြုလုပ်သူ မည်သူမဆို ဒါနလုပ်ငန်း၏ စွမ်းအင်တန်ခိုး အကျိုး ငါးမျိုးကို ရရှိနိုင်ပေသည်။

**ယင်းငါးမျိုးကား—**

၁။ ဒါနလုပ်ငန်းသည် မေတ္တာလမ်းစဉ် လုပ်ငန်းဖြစ်သောကြောင့် အလှူဒါန ပြုလုပ်သူ အလှူရှင်သည် လူချစ်လူခင် ပေါများ၏။ မျက်နှာ ပွင့်လင်း၏၊ ချစ်ခင်မြတ်နိုးလေးစားသူ များပြား၏။

၂။ ပညာရှိ သူတော်ကောင်းများနှင့် ပေါင်းသင်းဆက်ဆံခွင့် ရရှိ၏။ အလှူခံပညာရှင် သူတော်စင်များနှင့် အမြဲထိတွေ့ခွင့် ရရှိနေ၏။

၃။ နာမည်ကောင်းထွက်၏၊ ကောင်းသတင်းပျံ့သင်း ကျော်ကြား ၏။

၄။ လူ့ကျင့်ဝတ်များ မကင်းမကွာတည်ရှိ၏၊ စည်းကမ်းကောင်း သီလကျင့်ဝတ်များကို မကျိုးမပေါက်အောင် ထိန်းသိမ်းနိုင်စွမ်း ရှိ၏။

ပေးလှူခြင်းဖြင့် မေတ္တာလမ်းစဉ်ကို လိုက်နာကျင့်ကြံသူ ဖြစ်သည့် အတွက် ပရိသတ်လူပုံအလယ်၌ ကျက်သရေရှိရှိ မျက်နှာပန်းလှလှ အထက်တန်းကျကျ ရဲရဲဝံ့ဝံ့ ရှင်ရှင်လန်းလန်း ဝင်ထွက်သွားလာနိုင်၏။

၅။ ဘဝခရီးတလျှောက်လုံး ပစ္စည်းချမ်းသာ ကြွယ်ဝသော အေးငြိမ်း သာယာသည့် ဘဝကောင်းကို ရယူပိုင်ဆိုင်၏။

ဤအကျိုးများသည် ဒါနပြုလုပ်သူ မည်သူမဆို အလိုအလျောက် ရယူပိုင်ဆိုင်နိုင်သည့် အလှူရှင်တိုင်းနှင့် သက်ဆိုင်သော အကျိုး တရား များဖြစ်သည်။

မစ္စည်းဥစ္စာဟူသည် တွယ်တာမှုလောဘ နှမြောတွန့်တိုမှု မစ္ဆေရ ကို့နှင့် ဆုပ်ကိုင်ထားလျှင် ကိုယ်ပိုင်ဥစ္စာမကျန်ဘဲ ပြန့်ကြဲသွားတတ်၏၊

အချည်းနှီး အလဟဿ ဖြစ်တတ်၏။ ကိုယ့်အတွက် မသုံးစွဲရဘဲ သူများ အတွက် သုံးစွဲဖို့သာ ကျန်ရစ်ခဲ့တတ်သည်။

သဒ္ဓါ, မေတ္တာ, ပညာ ရှေ့ထား၍ ဒါနလမ်းစဉ်ဖြင့် ဖြန့်ကြဲပေးကမ်း လှူဒါန်းလိုက်လျှင် ကိုယ်ပိုင်စွမ်းအား အတိုးအပွားများ ဆုပ်ကိုင် ပိုင်ဆိုင်လာနိုင်ပေသည်။

စစ်မှန်သော ဒါနလုပ်ငန်းကြောင့် ဆင်းရဲမွဲတေသူ ရှေးအခါကလည်း မရှိ၊ ယခုအခါမှာလည်း မရှိ၊ နောင်အခါမှာလည်း မရှိနိုင်ချေ။ အလှူ ဒါန ပြုခဲ့ကြသူတိုင်း ဖြစ်လေရာဘဝတိုင်းမှာ အမြဲထာဝရ ချမ်းသာသုခ နှင့် ပြည့်စုံကြသူများသာ ဖြစ်ကြသည်။

သို့ဖြစ်၍ ဒါနလုပ်ငန်းစဉ်ကို နတ်ပြည်သို့သွားရောက်ရန် စောင်းတန်း လှေခါးဟူ၍ လည်းကောင်း၊ သံသရာခရီးလမ်း လျှောက်လှမ်းရန် ရိက္ခာထုပ် (ခရီးစားရိတ်)ဟူ၍ လည်းကောင်း၊ နိဗ္ဗာန်သို့ သွားရောက်ရန် လမ်းဖြောင့် လမ်းမှန်ဟူ၍လည်းကောင်း၊ နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်းဟူ၍ လည်းကောင်း ပြဆိုကြပေသည်။

## တဏှာကင်းကွာ နိဗ္ဗာန်ချမ်းသာ

ဗုဒ္ဓဘာသာ၏ အနှစ်သာရကား နိဗ္ဗာန်ချမ်းသာတည်း၊ ကောင်းမှု ကုသိုလ်ပြုသူတိုင်း နိဗ္ဗာန်ချမ်းသာကို ဦးတည်ရည်မှန်း၍ ပြုပါမှ အမြင့်ဆုံး ပါရမီ ကုသိုလ်မျိုးဖြစ်သည်၊ ပါရမီကုသိုလ်မျိုး ပြုလုပ်ထားကြသူမှ နိဗ္ဗာန်ချမ်းသာကို ရနိုင်သည်၊ ထို့ကြောင့် ကုသိုလ်ပြုနိုင် ရည်စူးနိုင်ရန် နိဗ္ဗာန်သို့ စိတ်ရောက်နိုင်ရန် ဤနေရာ၌ နိဗ္ဗာန်ချမ်းသာကို အကျဉ်းမျှ ဖော်ပြပါမည်။

## နိဗ္ဗာန်ချမ်းသာ

နိဗ္ဗာန်ချမ်းသာဟူသည်–လိုချင်မက်မောဖွယ်သော တဏှာလောဘကင်းသော တရားသဘောမျှသာတည်း၊ စုဝေးတည်နေရာ့ဘုံဌာနတစ်ခုမဟုတ်၊ အာရုံတစ်ခုခုကို ခံစားလို့ရသော အရသာမျိုးကဲ့သို့ ခံစားလို့ရသော ချမ်းသာမျိုးလည်းမဟုတ်၊ လိုချင်မက်မောမှုကင်းနေသော ငြိမ်းချမ်းမှု သဘောတရားမျှသာ ဖြစ်သည်၊ လိုချင်မက်မောမှု ကင်းနေခိုက်တွင် ငြိမ်းချမ်းမှုကို ခေတ္တခဏမျှ ရရှိနေတတ်ကြပေသည်။ ဤကဲ့သို့ ခေတ္တ ခဏမျှ လိုချင်မက်မောမှု ကင်းနေခိုက် ရရှိဘူးသော ငြိမ်းချမ်းမှုကို အာရုံပြု၍ တဏှာလောဘ လုံးဝကင်းပြတ်သော ထာဝရနိဗ္ဗာန်တရားကို ကုသိုလ်ပြုခိုက်မှာ အာရုံပြုဖို့ ရည်စူးထားနိုင်ဖို့ စိတ်ကို ဦးတည်ရမည်၊ ဤသဘောတရားဆီသို့ စိတ်ကိုဦးတည်ထားခြင်းသည်ပင် နိဗ္ဗာန်ကို ဆုတောင်းခြင်းမည်၏။

လိုချင်မက်မောမှု တဏှာလောဘသည် ဆင်းရဲဒုက္ခအားလုံး၏ လက်သည်ဖြစ်သည်၊ ဆင်းရဲဒုက္ခ ဆိုသည်မှာလည်း ဘုံဘဝတစ်ခုခု၌ ဖြစ်နေရခြင်းပင် ဖြစ်သည်၊ မည်သည့်ဘဝမှာမဆို ဖြစ်နေရခြင်းမှန်သမျှ ဘဝ၏ဒုက္ခမျိုးစုံကိုခံနေရခြင်းပင် ဖြစ်သည်၊ ဘဝဒုက္ခ၏လက်သည်တဏှာနှင့် တဏှာကြောင့် ဖြစ်နေခံနေရသော ဆင်းရဲဒုက္ခကို ဉာဏ်ဖြင့်သိ၍ ကြည့်တတ်လျှင် ဘဝဒုက္ခများမှလွတ်ချင်စိတ် ဖြစ်ပေါ်လာတတ်သည်၊ ဤသို့ ဘဝဒုက္ခများမှ လွတ်မြောက်ချင်စိတ်သည်ပင် နိဗ္ဗာန်ကို ရည်စူး၍ ပြုသောပါရမီ ကုသိုလ်စိတ် ဖြစ်ပါသည်၊ ကုသိုလ်ပြုတိုင်း ဤစိတ်မျိုး ပေါ်လာအောင် ဉာဏ်အသိဖြင့် ဆင်ခြင်၍ ပြုကြဖို့ အထူး လိုအပ်ပါသည်။

## နေ့စဉ် ဒါနပြုနည်း

ကုသိုလ်ကောင်းမှုပြုရာ၌ နေ့စဉ်အလေ့အကျင့်ပါနေရန် မပျက်မကွက် မှန်မှန်ပြုလုပ်အပ်သော (အာစိဏ္ဏကံ)ကုသိုလ်သည် နောင်ရေးအတွက်

အားထားရဆုံးဖြစ်သော ကုသိုလ်ဖြစ်သည်၊ ထို့ကြောင့် ဒါနကုသိုလ်ကို အာစိဏ္ဏကံကုသိုလ်ဖြစ်အောင် နေ့စဉ်ပြုထားသင့်ပေသည်။

အလှူဒါနပြုရာ၌ အလှူမဏ္ဍပ်ကို ခမ်းနားကြီးကျယ်စွာ ဆောက်လုပ်လျက် သိန်းပေါင်းများစွာ အကုန်အကျခံပြီး လှူဒါန်းခြင်းကိုသာ အလှူဒါန ပြုလုပ်သည်ဟု မမြင်ထိုက်ပါ။ အလှူဒါန ပြုလုပ်ခြင်းသည် ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသူတို့သာ ပြုလုပ်နိုင်သည့် အလုပ်မဟုတ်ချေ။ ပစ္စည်းဥစ္စာ မချမ်းသာ မကြွယ်ဝသော်လည်း စေတနာသဒ္ဓါတရား ရှိသူတိုင်း အသိဉာဏ်ရှိသူတိုင်း ပြုလုပ်နိုင်ကြသည်၊ မိမိမှာရှိသော ပစ္စည်းဝတ္ထု အနည်းငယ်ကို အလှူခံပုဂ္ဂိုလ်နှင့် တွေ့ကြုံရသည့်အခါ စေတနာသဒ္ဓါတရားဖြင့် လှူဒါန်းလိုက်လျှင် အလှူဒါန မြောက်သည်ပင်ဖြစ်၏။

ပစ္စည်းဥစ္စာ ကြိုကြိုတက် မချမ်းသာသော အလယ်အလတ်တန်းစား အဆင့်ရှိကြသော ပုဂ္ဂိုလ်တို့အနေဖြင့် ကြီးကြီးကျယ်ကျယ် အလှူဒါန ပြုလုပ်နိုင်ရန် အတော်ခဲယဉ်းလှ၏။ ထိုသို့ မပြုလုပ်နိုင်စေကာမူ မိမိတို့ တတ်နိုင်သလောက်မျှဖြင့် နေ့စဉ် အလှူဒါနကို ပြုလုပ်ပေးသင့်လှ၏။

ရံဖန်ရံခါ ကြီးကြီးကျယ်ကျယ် ငွေကုန်ကြေးကျခံ၍ လှူဒါန်းခြင်းထက် နေ့စဉ်နေ့စဉ် မိမိတတ်နိုင်သလောက် အမြဲမပြတ် လှူဒါန်းနေခြင်းက ပို၍အကျိုးရှိတတ် ကောင်းမနေတတ်ပေ၏။ ဤအကြောင်းမှာ နေ့စဉ်ဒါနမှုကို ပြုလုပ်ခဲ့ခြင်းကြောင့် မိမိတို့၏ ဒါနမှုကို အချိန်မရွေး သတိရဝမ်းမြောက်နိုင်ခြင်းကြောင့်ပင် ဖြစ်၏။

ပစ္စည်းဥစ္စာ ပေါများသူများ အနေဖြင့် အလှူဒါနကို ခမ်းနားကြီးကျယ်စွာ ပြုလုပ်လျက်ရှိကြ၏။ ထို့ထက်ပို၍ နေ့စဉ်ပြုရမည့် အလှူ

ဒါနများ ပြုလုပ်ဖြစ်ဖို့ လိုအပ်၏။ တစ်နှစ်မှ တစ်ခါဆိုသလို အလှူဒါန ကြီးကြီးကျယ်ကျယ် ပြုလုပ်ခြင်းကား မိမိတို့ အလှူဒါနကို မိမိတို့ အမြဲ တစေ ပြန်ပြောင်းသတိရ ဝမ်းမြောက်မှုကို ဖြစ်ပေါ် စေနိုင်ခဲ၏။နည်းနည်း များများ နေ့စဉ်ပြုလုပ်နေကျ ဒါနမျိုးသည်သာ အလှူရှင်တို့အနေဖြင့် နေ့ဥသတိရ ဝမ်းမြောက်မှုကို ဖြစ်စေနိုင်မည်ဖြစ်၏။

ထို့ကြောင့် နေ့စဉ်ဒါနပြုခြင်းသည်သာ တစ်ခါတစ်ရံ ပြုလုပ်အပ်သော ကြီးကျယ်ခမ်းနားသော အလှူဒါနတို့ထက် ပို၍အကျိုးရှိတတ် ကောင်း နေတတ်ပေသည်ဟု ဆိုရခြင်းဖြစ်၏။

သို့သော် မိမိတို့မှာ ပစ္စည်းဥစ္စာ ကြွယ်ဝပေါများလျှင်ကား ကြီးကျယ် ခမ်းနားစွာလည်း ရံခါပေးလှူသင့်သလို နေ့စဉ်လည်း ဒါနပြုသင့်၏။ ထိုသို့ ပြုလုပ်လှူဒါန်းနိုင်လျှင်ကား ပို၍ပို၍ပင် ကောင်းမြတ်သည်သာ ဖြစ်၏။

သတ္တဝါမှန်သမျှသည် မိမိတို့ ဘယ်နေ့မှာ ဘယ်အချိန်မှာ ဘယ် နေရာမှာ သေရမည်ဟု မည်သူမျှ ကြိုတင်၍ မသိနိုင်ကြချေ၊ ငါ–ဘယ် နေ့တွင် အလှူကြီးပေးမည်ဟု ရည်ရွယ်၍ ပစ္စည်းဥစ္စာ ရှာခဖွရင်း အကယ်၍ သေသွားမည်ဆိုပါက မိမိရည်ရွယ်ထားသည့် အလှူဒါနသည် အောင်မြင်တော့မည် မဟုတ်ချေ။ ထို့ကြောင့် အလှူဒါနကို အချိန် ရွှေ့ပြီး စောင့်ဆိုင်းမနေဘဲ နေ့စဉ်နေ့စဉ် မိမိတို့ တတ်နိုင်သလောက် အချိန်ရသမျှ ပြုထားသင့်လှ၏။ နေ့စဉ်ဒါန ပြုလုပ်နည်းသည် များစွာပင် ရှိ၏။ မိမိတို့စားသုံးရန် ချက်ပြုတ်ထားသည့် အစာထဲမှ ဘုရားရှင်အား ရည်ရွယ်၍ ဆွမ်းတော်ကပ်လှူရမည်။ ဘုရားသောက်တော်ရေ ကပ်လှူ ရာ၌ သောက်တော်ရေခွက်ကို သေချာစွာ ပွတ်တိုက်ဆေးကြော၍ ရေသန့်ကို ကပ်လှူရမည်။ ပန်းကပ်ရာတွင်လည်း မိမိတို့ နှစ်သက်ရာ ပန်းကို စင်ကြယ်စွာ ဆေးကြောလျက် ကပ်လှူရမည်။ ရဟန်းသံဃာ တော်ထို့ကို သီးသန့်မင့်ဖိတ်၍ ဖြစ်စေ၊ ပင့်ဖိတ်မထားဘဲ ဈေးကြုံရာ

ရဟန်းသံဃာကို ဖြစ်စေ နေ့စဉ်ဆွမ်းလောင်း လှူဒါန်းရမည်။ မိမိတို့ အိမ်ရှေ့၌ ကျေးငှက်တိရစ္ဆာန်တို့အတွက် ဆန်ဖြစ်စေ၊ စပါးဖြစ်စေ၊ ဆန်ကွဲ ဖြစ်စေ၊ ထမင်းဖြစ်စေ မိမိတို့တတ်နိုင်သည့် အစာတစ်မျိုးမျိုးကို တတ်နိုင် သလောက် ကျွေးမွေးရမည်။ ခရီးသွားဧည့်သည်တို့ သောက်သုံးရန် အတွက် မိမိတို့ အိမ်ရှေ့ဖြစ်စေ၊ အခြားသော လမ်းဆုံလမ်းခွ၌ဖြစ်စေ ရေချမ်းစင်ကို တည်ထားပြီး နေ့စဉ် ရေဖြည့်လျက် ရေအလှူဒါနကို ပြုလုပ်သင့်လှ၏၊ နေ့စဉ် ရေဖြည့်ရာ၌ ရေအိုး, ရေခွက်, ရေချမ်းစင် တို့ကိုလည်း သေချာစွာ ပွတ်တိုက် ဆေးကြော သန့်ရှင်းမှုကိုလည်း နေ့စဉ် ပြုလုပ်သင့်၏၊ မိမိတို့အိမ်သို့ ရောက်လာကြသော ယုတ်မြတ်မရွေး အလှူခံအားလုံးတို့အားလည်း မိမိတို့ တတ်နိုင်သလောက် ပေးကမ်း လှူဒါန်းရမည်။

မိမိတို့၏ အိမ်အတွင်းအပြင်နှင့် အိမ်နှင့်နီးစပ်ရာ လမ်းများပေါ်၌ အမှိုက်များကို လှည်းကျင်းရှင်းလင်းလျက် သန့်ရှင်းသော နေရာ ပြုလုပ် ပေးထားခြင်းသည်လည်း အလှူဒါန ပြုသည်ပင် မည်၏။ ထို့ပြင် မိမိ တို့၏ အိမ်တွင်းခြံတွင်း၌ဖြစ်စေ၊ ခြံအပြင်၌ဖြစ်စေ စားပင်သီးပင် စသည့် သစ်ပင်တို့ကို စိုက်ပျိုးသင့်၏။ ထိုသစ်ပင်မှ အသီးသီးသောအခါ မိမိတို့ လည်း စားသုံးနိုင်၏။ ထိုသစ်သီးတို့ကို အလှူခံတို့အားလည်း လှူဒါန်း ပေးကမ်းနိုင်၏။ အရွက်စားရသောအပင်ကို စိုက်ပျိုးခြင်းဖြင့် အရွက်ကို ဟင်းအဖြစ် ချက်ပြုတ်၍ မိမိတို့လည်း စားသုံးနိုင်၏။ ဆွမ်းဟင်း အဖြစ် လည်း လှူဒါန်းဆက်ကပ်နိုင်၏။ ထိုအတူ အပွင့်ပွင့်သော အပင်ကို စိုက်ပျိုးခြင်းဖြင့်လည်း ပန်းပွင့်မျိုးစုံကို မိမိတို့လည်း ပန်ဆင်နိုင်၏။ ရုပ်ပွား တော်အားလည်း ဆက်ကပ်လှူဒါန်းနိုင်၏။ ထို့ကြောင့် အသီးအရွက် အပွင့်တို့ သီးပွင့်ကြသော သစ်ပင်ပန်းပင်တို့ကို စိုက်ပျိုးခြင်းဖြင့် ကုသိုလ် လည်းရ၊ ဝမ်းလည်းဝသော အကျိုးနှစ်မျိုးကို ရရှိနိုင်၏။ အယုတ်ဆုံး အားဖြင့် ဘာအသီးအပွင့်မျှ မသီးမပွင့် မစားသုံးရသော သစ်ပင်မျိုးကို ခရီးသွားများ ခိုနားနေရန် အရိပ်အာဝါသ ပေးလိုသဖြင့် စိုက်ပျိုးပေး

ခြင်းသည်ပင် လမ်းသွားလမ်းလာ ခရီးသွားတို့အတွက် အရိပ်ကိုပေးလှူသည် မည်၏။ သစ်ပင်စိုက်ပျိုးပြီး ထိုသစ်ပင် ရှင်သန်ရေး အတွက် နေ့စဉ် ရေလောင်းပေးခြင်း၊ မြေဆွပေးခြင်း၊ စောင့်ရှောက် ပြုပြင်ပေးခြင်း စသည် ပြုလုပ်မှုသည်လည်း လမ်းသွားလမ်းလာများ အတွက် ချမ်းသာသုခ ရစေလိုသော ရည်ရွယ်ချက်ဖြင့် ပြုလုပ် ဆောင်ရွက်လျှင် နေ့စဉ် ဒါနမှု တစ်ခုကို ပြုလုပ်နေခြင်းပင် ဖြစ်ပေသည်။

အထက်က ဆိုခဲ့သည့်အတိုင်း နေ့စဉ်ဆွမ်းကပ်ခြင်း၊ ပန်းကပ်ခြင်း၊ ရေကပ်လှူခြင်း စသည့်အမှုများကို ပြုလုပ်ခြင်းသည် မလွဲမသွေ ပြုလုပ်ကြရမည့် အလှူဒါနများ ဖြစ်၏။

လိုင်းကားစီးရင်း လိုင်းကားပေါ်၌ ရဟန်းသံဃာများနှင့် အသက်ဂုဏ်သိက္ခာကြီးသူတို့အတွက် မိမိထိုင်နေရာမှ ထ၍ နေရာပေးခြင်းသည်လည်း နေရာအလှူပေးလှူခြင်းမည်၏။ ပေးလှူခြင်း ပေးစွန့်ခြင်း ကျွေးမွေးခြင်း ထောက်ပံ့ကူညီခြင်း ပံ့ပိုးခြင်း ချီးမြှောက်ခြင်း မှန်သမျှသည် ဒါနမည်သည်ချည်းပင်တည်း။

ထို့ကြောင့် ငွေကုန်ကြေးကျခံ၍ အလှူကြီး ပေးလှူမှု မလုပ်နိုင်သေးမီ နေ့စဉ် တွေ့ကြုံပြုလုပ်သင့်သည့် ဆိုခဲ့ပြီးသည့် လုပ်ငန်းအချို့ကို နေ့စဉ် တတ်နိုင်သလောက် ပြုလုပ်ပေးနိုင်လျှင် နေ့စဉ် ဒါနမှုကို ပြုလုပ်သည် မည်ပေ၏။

## ဒါနမမြောက်အောင် နှောင့်ယှက်တတ်သော တရားများ

အချို့အချို့သောသူတို့သည် မိမိတို့၏ အတွင်းအဇ္ဈတ္တသန္တာန်၌ ဒါနမှုကိုပြုသင့်ကြောင်း သိနေကြ၏။ ဒါနပြုသူနှင့် ဒါနမပြုသူတို့၏ဘဝကွာခြားချက်ကိုလည်း သိရှိကြ၏။ ဒါနပြုခြင်းသည် မွန်မြတ်၍ သူတကာတို့၏ အပေါ် ဩဇာ လွှမ်းမိုးနိုင်သည်ကိုလည်း လက်ခံယုံကြည်ကြ၏။ ဒါနပြုလုပ်သဖြင့် အလွန်တရာ မျက်နှာပွင့်လန်းပြီး မိမိပြုလုပ်လိုသမျှ အောင်မြင်

ပြီးပြောက်သည်ကိုလည်း နားလည်ထားကြ၏။ ဒါနမှုကြောင့် ယာခုဘဝတွင် ကောင်းကျိုးအဖြာဖြာ ပြည့်စုံနိုင်သည်သာမက နောင်ဖြစ်လေရာဘဝ တိုင်းမှာလည်း သုဂတိဘုံဘဝသို့ ရောက်၍ စည်းစိမ်ဥစ္စာ ရတနာအဖြာဖြာ တို့နှင့် သူတကာထက် ထူးကဲ လွန်မြတ်သည်ကို ကောင်း ယုံကြည်ထား ကြ၏။

သို့သော် ထိုသို့ဒါန၏ အကျိုးတရားတို့ကို မည်သို့ပင် လက်ခံယုံကြည် နားလည် ထားကြသော်လည်း ဒါနဖြစ်ပြောက်အောင် လှူဒါန်းရန်ကား ဝန်လေးနေတတ်ကြ၏။ ထိုသို့ ဖြစ်ကြခြင်းသည်ကား လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဣဿာ, မစ္ဆရိယ စသော တရားတို့၏ နှောင့်ယှက် ဟန့်တားမှုကြောင့် ဖြစ်၏။

ဂါတ္တဝါတို့၏စိတ်သည် အလွန်ဆန်းကြယ်လှ၏။ မိမိတို့၏ ဘဝလက်ရှိ အသုံးအဆောင် အစာအာဟာရတို့၌ သာယာနှစ်သက် စွဲလမ်းမှုအားကြီး ကြ၏။ တိရစ္ဆာန်သတ္တဝါတို့တွင် ခွေးသည် မိမိစားသုံးနေကြ မငင်ကို မက်မော၏။ မိမိစားနေခိုက် အခြားခွေးတစ်ကောင် ရောက်လာလျှင် မာန်ဖီကာ ရန်ငြိုးဖွဲ့လျက် ကိုက်လွှတ်ကြ၏။ မိမိတို့အိပ်ရာနေရာပြုပုံသည့် နေရာတို့၌ မက်မက်မောမော နေကြ, အိပ်ကြ၏။ ထိုခွေးတို့၏။ အစာ, အာဟာရ အိပ်ရာနေရာတို့ကို လူတို့အနေဖြင့် လွန်စွာစက်ဆုပ်ရွံရှာကြ၏။

လူတို့သည်လည်း မိမိတို့၏ ထမင်း အဖျော်အိပ်ရာနေရာ ပစ္စည်း အသုံးအဆောင်တို့အပေါ်၌ နှစ်သက်စွဲလန်း ခုံမင်မြတ်နိုးစွာ စားသောက် နေထိုင် သုံးစွဲလျက်ရှိကြ၏။ မိမိတို့၏ အစားအစာ အိပ်ယာနေရာ အသုံးအဆောင် ပစ္စည်းတစ်ခုခုကို အခြားသူ တစ်ယောက်ယောက် လာရောက်ယူငင်လျှင် ဒေါသကြီးစွာ ရန်ပြုတိုက်ခိုက်တတ်၏၊ ထိုလူတို့ နှစ်သက်မြတ်နိုးသော အစာအာဟာရ အိပ်ရာနေရာ အသုံးအဆောင် ပစ္စည်းတို့ကိုလည်း နတ်တို့အနေဖြင့်မူ လွန်စွာ စက်ဆုပ်ရွံရှာကြသည်သာ ဖြစ်၏။

နတ်တို့သည် သတ္တလောကအတွင်း၌ အကောင်းဆုံးဖြစ်သော နတ်သုဒ္ဓါ နတ်ဩဇာတို့ကို စားသုံးကြ၏၊ အကောင်းဆုံး ဘုံဗိမာန်တို့၌ နေထိုင်ကြ၏၊ အကောင်းဆုံးဖြစ်သည့် သာယာဖွယ်မျိုးစုံ ကာမဂုဏ်တို့ကို မက်မောနှစ်ခြိုက်စွာ ခံစားကြ၏။ ထိုသို့ နတ်တို့တွယ်တာ မက်မောစွာ ခံစားစံစားသော အရာအားလုံးကို လောဘကင်းပြီးသော ဘုရား ရဟန္တာတို့ အနေဖြင့်ကား တွယ်တာစရာ မက်မောစရာ လိုချင်စရာဟု မြင်တော်မမူကြသည်သာတည်း။

လောဘတရားရှိသူတို့၏ အကောင်းထင်၍ ခံစား စံစားအပ်သမျှ အရာဝတ္ထု မှန်သမျှသည် လောဘတရားကင်းပြီးသူတို့ အနေဖြင့် နှစ်သက်သာယာစရာဟု မမြင်ကြတော့ချေ။ သို့သော် လောဘတရား ဖိစီးနှိပ်စက်ခံနေရသော လောကသားတို့ကား ထိုထို အစာအာဟာရ အသုံးအဆောင်တို့ကိုပင် တွယ်တာကြ၏၊ မက်မောကြ၏၊ လွန်စွာ စွဲလန်း နှစ်သက်နေကြ၏၊ထိုသို့ စွဲလန်းနှစ်သက်နေသော လောဘကြောင့် မိမိသာ စားလို၏၊ မိမိသာ နေထိုင်လို၏၊ မိမိသာ သုံးစွဲလို၏၊ သူတစ်ပါး စားလောက်နေထိုင် သုံးစွဲမှုကို လုံးဝ မလိုလားချေ၊ သူတစ်ပါးကို ပေးရန် လွန်စွာ ဝန်လေးကြ၏၊ လက်နှေးကြ၏၊ လက်တွန့်ကြ၏။ ဤသည်မှာ မိမိတို့၏ အစာအာဟာရ အိပ်ရာနေရာ အသုံးအဆောင် ပစ္စည်းတို့ အပေါ်၌ တပ်နှစ်သက်နေသော မိမိတို့၏ အတွင်းသန္တာန်မှာ ရှိနေသော လောဘတရားက နှောင့်ယှက်ဟန့်တား ထားသောကြောင့် ဖြစ်၏။ မိမိ၏ လောဘတရားက မိမိ၏ဒါနတရားကို ဟန့်တားထားတတ် ပေသည်။

ဘုရားရှင်လက်ထက်က သာဝတ္ထိပြည်မှာ အဒိန္နပုဗ္ဗက မည်သော သေဌေးကြီး တစ်ယောက်ရှိသည်၊ ပစ္စည်းဥစ္စာများစွာ ကြွယ်ဝချမ်းသာ သလောက် စေတနာ သဒ္ဓါတရားကား အလွန်နည်းပါးသည်၊ မည်သူ့ကိုမျှ ပစ္စည်း အနည်းငယ်ကိုပင် မပေးဘူး၊မလှူဘူးချေ၊ ထိုသေဌေးကြီးမှာ အလွန်ချစ်လှတဲ့သားတစ်ယောက်ရှိ၏၊ထိုသားငယ်အား လှပပြေပြစ်သော

နားတောင်းကို ပြုလုပ် ဆင်ယင်ပေးထား၏၊ ထိုသား၏ နာမည်ကား မဋ္ဌကုဏ္ဍလီ ဖြစ်သည်။ မိမိအချစ်ဆုံး၊ သားအတွက် သဌေးကြီး၏ သားဟူသော ဂုဏ်နှင့်လိုက်ဖက်အောင် နားတောင်း ပြုလုပ်ပေးသော် လည်း ပန်းတိမ်ဆရာထံ အပ်နှံပြုလုပ်ခိုင်းလျှင် လက်ခပေးရမှာစိုး၍ မိမိကိုယ်တိုင်ပင် ပြုလုပ်ပေး၏၊ ဤမျှအထိပင် သူတစ်ပါးအား ပေးရမှာ စိုးရိမ်၏။ မိမိပစ္စည်းအပေါ် တပ်မက်လွန်းလှ၏၊ သားငယ် ၁၆–နှစ် အရွယ်သို့ ရောက်သောအခါ ထိုသားငယ်မှာ တစ်ကိုယ်လုံး ဖြူဖတ်ဖြူရော် သော ရောဂါ (အသားဝါရောဂါ) ဖြစ်ပေါ်လာ၏၊ ထိုအခါ ရောဂါ ဖြစ်နေသော သားငယ်ကို မကြည့်ရက်နိုင်သော မိခင်ကြီးက သားငယ် ကို ဆေးကုသပေးပါရန် သဌေးကြီးအား ပြောကြားလေ၏။

နှမြောလွန်းလှတဲ့ သဌေးကြီးကား ဆေးဆရာပင့်၍ ကုသခိုင်းလျှင် ဆေးကုခ ပေးရမှာစိုး၍ ဆေးဆရာကိုမပင့်ဘဲ ဆေးဆရာထံ ကိုယ်တိုင် သွား၍ ဤမည်သောရောဂါဖြစ်လျှင် ဘယ်သို့သော ဆေးကို သုံးစွဲရမည် နည်း”ဟု ဆေးဆရာကို မလိမ့်တပတ်ဖြင့် မေးမြန်းစုံစမ်းလေ၏၊ ဆေးဆရာကလည်း စေတနာထား၍ အမှန်ကိုမပြောကြားဘဲ ပါးစပ်ထဲ တွေ့ကရာ ပြောပြလိုက်၏၊ သဌေးကြီးလည်း ဆေးဆရာ၏စကားကို အဟုတ်ထင်မှတ်ပြီး ဆေးဆရာပြောသည့် သစ်ရွက် သစ်ခေါက်တို့ကို ကိုယ်တိုင်ထောင်းထု ကျိုချက်ကာ သားငယ်ကို တိုက်ကျွေး၏၊ အနာ တစ်ခြား ဆေးတစ်ခြားဖြစ်၍ သားငယ်၏ ရောဂါမှာ မသက်သာဘဲ ပို၍ဆိုးလာပြီး ထိုရောဂါဖြင့်ပင် သေဆုံးလေတော့၏။

သဌေးကြီးကား သူတစ်ပါးကို ပေးလှူဖို့ မဆိုထားနှင့် မိမိအချစ်ဆုံး သားငယ် ရောဂါပျောက်ရေးကိုပင် မိမိပစ္စည်း ကုန်မှာစိုး၍ ဆေးဆရာ မပင့်နိုင် လောက်အောင် မိမိပစ္စည်းအပေါ် တပ်မက်လွန်းလှ၏၊ ဤသည်ကား မိမိပစ္စည်းအပေါ် တပ်မက်မှု လောဘထကျောကြောင့် မပေးရက် မလှူရက်နိုင်ခြင်းပင်ဖြစ်၏။

ဤဇာတ်လမ်း၌ သေဌေးကြီးသည် မိမိပစ္စည်းအပေါ် စွဲလန်းတပ်မက်မှု လောဘတဏှာကြောင့် မလှူရက် မပေးနိုင်ဟု ဆိုထားခဲ့၏၊ အမှန်တော့ မိမိပစ္စည်းကို တွန့်တိုမှုဟူသော မစ္ဆရိယစိတ်ကြောင့် မပေးရက်နိုင်ခြင်းလည်းဖြစ်ပါ၏၊ သို့သော် လောက၌ အများအားဖြင့် လူတို့သည် မိမိဇနီး မယားသားသမီးတို့အပေါ်၌ တွန့်တိုနိုင်ခဲလှ၏၊ မိမိအချစ်ဆုံး ဇနီးမယား သမီးသားတို့အပေါ်၌ ချစ်ခင်ကြင်နာသော စိတ်ဖြင့် မိမိရှိသမျှပစ္စည်းများကို မြတ်နိုးယုယစွာ ပေးကျွေးကြသည်သာ များ၏၊ အခြားသူတို့အပေါ်၌သာ နှမြောတွန့်တိုတတ်ကြ၏။

ဤ အဒိန္နပုဗ္ဗက သေဌေးကြီးသည်ကား အခြားသူတို့အပေါ် မဆိုထားနှင့် ရောဂါဝေဒနာခံစားနေရသော မိမိအချစ်ဆုံး သားငယ်အတွက်သော်မှပင် မိမိပစ္စည်းများ ကုန်ခန်းရမည်ကို စိုးကြောက်လှ၏။ မိမိသားငယ်၏ အသက်ဆုံးရှုံးရမှာထက် မိမိပစ္စည်း ကုန်ခန်းသွားမှာကို ပို၍ စိုးရိမ်၏၊ မိမိ၏သားငယ်အပေါ် တွယ်တာမြတ်နိုးမှုသည် ပစ္စည်းများအပေါ် တွယ်တာမြတ်နိုးမှုလောက် မခိုင်မြဲလှချေ။

ထို့ကြောင့် ဤသေဌေးကြီး၏ မပေးရက် မလှူရက် နိုင်ခြင်း၏ အကြောင်းရင်းသည် မစ္ဆရိယစိတ်ကြောင့်ဟု ဆိုရမည်ထက် မိမိပစ္စည်းအပေါ် တွယ်တာမြတ်နိုးစွဲလမ်းမှုဟူသော လောဘကြောင့် မပေးရက် မလှူရက်နိုင်ခြင်းသည်သာ အဓိကအကြောင်းဖြစ်၏ဟု ဆိုရခြင်းဖြစ်ပေ၏။လောဘ၏ သဘောသည် တွယ်တာမှု၊ ချစ်ခင်မှု ပင်ဖြစ်၏။ သား၌ တွယ်တာ ချစ်ခင်မှုနှင့် ပစ္စည်းအပေါ်၌တွယ်တာချစ်ခင်မှု ကို အားပြိုင်ကြရာဝယ် ပစ္စည်းအပေါ်၌ တွယ်တာချစ်ခင်မှုနောက်သို့ အဒိန္နပုဗ္ဗက သေဌေးကြီး ကောက်ကောက်ပါအောင် လိုက်သွားရသေး၏။

## ဒေါသက ဒါနကို နှောင့်ယှက်ခြင်း

လောက၌ အချို့သော ပုဂ္ဂိုလ်တို့သည် ရတနာသုံးပါးကိုလည်း ယုံကြည်စွာ ကိုးကွယ်ကြ၏၊ သဒ္ဓါတရားလည်း အမြဲထက်သန်လျက်

ရှိကြ၏၊ သဒ္ဓါတရားရှိသည်နှင့်မှညီ အလှူဒါနကိုလည်း ပြုလုပ်လေ့ရှိကြ၏၊ သို့သော် တစ်ခါတစ်ရံ ဒေါသစိတ်ရှိုင်း ဝင်ရောက်နှောင့်ယှက်လာသောအခါ အလှူဒါနများ ပျက်ပြယ်သွားကြရ၏။

လောက၌ ကြောက်စရာ အကောင်းဆုံး တရားဆိုးတို့တွင် ဒေါသလည်း ပါဝင်၏၊ ဒေါသစိတ်ကို မထိန်းနိုင်လျှင် အမှားများစွာကို ကျူးလွန်မိတတ်၏၊ ဒေါသစိတ်မွန်လာပါက အရာရာကို ဘာမျှမြင်နိုင်စွမ်း မရှိနိုင်တော့ချေ၊ အမှားအမှန် အကောင်းအဆိုးကိုလည်း မဝေခွဲနိုင်၊ အသားများ တဆတ်ဆတ်တုန်လာလျက် မျက်လုံးများ နီလာသည်အထိ တစ်ကိုယ်လုံး ဖောက်ပြန်ပျက်စီး လာတတ်၏၊ နောက်ဆုံး၌ ဒေါသအရှိန် အားကြီးမှုကြောင့် သွေးများဆူပွက်လာပြီး သွေးအန်လာသည်အထိ ဖြစ်ပေါ်လာတတ်၏၊ ဒေါသကား ဤမျှအထိ ကြောက်စရာကောင်းလှပေ၏။

ဒေါသရှေ့ထားမိသဖြင့် မိမိအတွက် အကျိုးရှိ မရှိကို နှလုံးမသွင်းနိုင်တော့ဘဲ စိတ်လိုက်မာန်ပါ ပြုလုပ်ပြောဆိုခဲ့မိခြင်းကြောင့် အပါယ်ငရဲ ကျခဲ့ရသူတွေလည်း အသင်္ချေအနန္တ များလှပေ၏၊ ဘဝဆက်တိုင်း ရုပ်ဆင်းအင်္ဂါ ချို့တဲ့ပျက်စီး အဆင်းမလှ ဖြစ်ကြရသူတွေကလည်း မရေတွက်နိုင်တော့၊ ဒေါသကို ရှေ့တန်းမတင်ဘဲ အရာရာကို သည်းခံခြင်း သည်သာလျှင် အောင်နိုင်ရေး နည်းလမ်းကောင်း အစစ် ဖြစ်ပါ၏။ ဒေါသများသူသည် အရာရာမှာ ဆုံရှုံးရရုံမျှမက ဒါနတရားဘက်၌လည်း အားနည်းချို့ယွင်း တတ်သေး၏။

ဘုရားရှင် လက်ထက်တော်က အရုပ်ဆိုးမလေး တစ်ယောက်ရှိ၏၊ ထိုအမျိုးသမီးကလေးမှာ မျက်စိကလည်း စွဲမက်စရာမရှိ၊ နှာခေါင်းကလည်း အချိုးအစားမကျ၊ ပါးစပ်ကလည်းပြဲ၊ သွားကလည်းကျဲ၍နှုတ်ခမ်းကလည်း ထော်၏၊ လက်ဆစ် ခြေဆစ်၊ လက်ချောင်း ခြေချောင်းများကလည်း

ပုံမကျပန်းမကျ ကိုးရိုးကားရား အချိုးအစား မလှပပေ၊ တစ်ကိုယ်လုံး ခြုံ၍ကြည့်သော် မြင်ရသူတို့အဖို့ စွဲမက်စရာဆိုလို့ တင်ကွက်မျှမရှိ၊ သူမ၏ မျက်စိ၊ နှာခေါင်း၊ ပါးစပ်၊ ခြေလက်ဟူသော ခန္ဓာကိုယ် အစိတ်အပိုင်း ငါးမျိုးတို့တွင် ဘာတစ်ခုမျှ ကြည့်ရှုစရာ ကောင်းတာမရှိသော ကြောင့် သူမကို"ပဉ္စပါပီ" ဟု အများက ခေါ်ကြ၏။

ပဉ္စပါပီကား အရုပ်ဆိုးသလောက် သူမ၏အသွားအရေကား အလွန်နူးညံ့ ပျော့ပျောင်းလှ၏။ သူ့ကို တွေ့ထိဖူးသူ အမျိုးသားတိုင်း မေ့မရနိုင် လောက်အောင် စွဲလန်းနှစ်သက် သွားနိုင်၏၊ အတွေ့အထိ ဟူသော ဖောဋ္ဌဗ္ဗာရုံ၌ ဤမျှအထိ ကုသိုလ်ထူးခြားလှ၏။

ဤသို့ အကောင်းအဆိုး ဒွန်တွဲ၍ဖြစ်ရခြင်းမှာ သူမ၌ အတိတ်သမိုင်းကြောင်း ရှိ၏။ ပဉ္စပါပီသည် ရှေးအတိတ်ဘဝတစ်ခု၌ ဆင်းရဲသူမလေး တစ်ယောက်ဖြစ်ခဲ့၏၊ သူမသည် မြေညက်များကို နယ်ပြီး အိမ်နံရံများကို လိမ်းကျံပေးရသော အလုပ်ကို လုပ်လျက် အသက်မွေးမြူရ၏။

တစ်နေ့တွင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါးသည် မိမိနေရာ လိုဏ်ဂူ၌ လိမ်းကျံရန် မြေညက်ကို အလိုရှိသဖြင့် သပိတ်ကိုပိုက်ကာ ထိုဆင်းရဲသူမကလေး အနီးတွင် ရပ်တော်မူလာ၏။

ဆင်းရဲသူမကလေးသည် "ဒီကိုယ်တော်ကြီးနှယ် တန်ဖိုးမရှိတဲ့ ဒီမြေညက်ကိုတောင်မှ အလှူခံရသေးတယ်" ဟု မကျေနပ်သော ဒေါသစိတ်ဖြင့် ပြောဆိုလျက် မျက်စောင်းထိုးကာ ကြည့်နေလေ၏။

ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီးသည်လည်း ထွက်ခွာသွားတော် မမူဘဲ ဣန္ဒြေရရ ငြိမ်သက်စွာပင် ရပ်မြဲရပ်နေတော်မူ၏။ ထိုအခါ ဆင်းရဲသူမကလေးသည် စိတ်ဆိုးသည့် အမူအယာမရှိ အေးချမ်းစွာ ပကတိ

တည်ငြိမ်သော ဣန္ဒြေဖြင့် ရပ်တော်မူနေသောပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို ကြည့်နေရင်းက သတိတစ်ချက်ဝင်လာကာ မိမိပြောဆိုမှားနဲ့ပြီကို သိရှိသွား၏၊ ထို့နောက်မှ ကြည်ညိုစိတ်များ ဖြစ်ပေါ်လာကာ ပစ္စေက ဗုဒ္ဓါအရှင်မြတ်၏ သပိတ်ထဲသို့ မြေညက်များကိုလောင်းထည့်၍လှူဒါန်း လိုက်လေသည်။

ထိုသို့ အရှင်မြတ်အပေါ်၌ရှုတ်တရက် ဖြစ်ပေါ်လာသော ဒေါသစိတ် ကြောင့် ပြောဆိုမှားခဲ့၏၊ ဒေါသမျက်လုံးဖြင့် ကြည့်ခဲ့၏၊ အမှန်မှာ သဒ္ဓါတရား ခေါင်းပါး၍ကား မဟုတ်၊ အသိဉာဏ်တစ်ချက် ချွတ်ယွင်း သွားခြင်းကြောင့် "တန်ဖိုးမရှိတဲ့ ပစ္စည်းလေးကိုတောင်မှ အလှူခံရ ကောင်းလား" ဟူသော စိတ်ရိုင်းဝင်လာ၍ ဒေါသစိတ် ထွက်လာရခြင်း ဖြစ်၏။

ဒေါသစိတ် ဖြစ်ပေါ်လာခြင်းသည်ပင် ပထမပိုင်း၌ မြေညက်ကို အလွယ်တကူ မလှူနိုင်ခဲ့ခြင်းဖြစ်၏။

ထိုသို့ ဒေါသစိတ်ဖြင့် ပြောဆိုခဲ့ပြီး ဒေါသစိတ်ဖြင့် ကြည့်ခဲ့သော အကုသိုလ်ကံကြောင့် အရုပ်ဆိုးခဲ့ရခြင်းဖြစ်၏၊ နောက်ပိုင်း၌ နူးညံ့သော မြေညက်ကို လှူခဲ့သောကြောင့် တစ်ကိုယ်လုံးနူးညံ့ခဲ့ရ၏။

အကယ်၍ ထိုစဉ်ကပင် ဒေါသစိတ်ကို သတိဖြင့် ဆက်မထိန်းနိုင်ဘဲ ဆက်လက်ပြီး ပြစ်မှားစော်ကားမိခဲ့လျှင်ကား မြေညက်ကို လှူဒါန်းမှု ဒါနလည်းထမြောက်အောင်မြင်နိုင်ဖွယ် မရှိနိုင်ချေ၊ အပါယ်ငရဲသို့လည်း ကျရောက်၍ ဘဝအသခေ်မြကာ ဆင်းရဲဒုက္ခ ခံစားရမည်သာ ဖြစ်ပေ၏။

ထို့ကြောင့် ဒေါသတရားထားမိခြင်းကား အရာရာကို ဆုံးရှုံးစေနိုင် သည်သာမက ဘဝစည်းစိမ်ကို ပေးတတ်သော ဒါနမှုလုပ်ငန်းကိုလည်း နှောင့်ယှက် ဖျက်ဆီးတတ်သည်မှာ မလွဲမသွေ ယုံကြည်အပ်လှ ပါပေ၏။

**မောဟကလည်း ဒါနကိုနှောင့်ယှက်ခြင်း**

ထို့ပြင် ဒါနမှု၌ နှောင့်ယှက်တတ်သော တရားတို့တွင် မောဟလည်း ပါဝင်၏၊ မောဟ—ဟူသည် တွေဝေမှု၊ မိုက်မဲမှု၊ အမှန်မမြင်နိုင်မှု ဖြစ်၏၊ မောဟကို အဝိဇ္ဇာဟုလည်းခေါ်၏၊ အဝိဇ္ဇာ—ဟူသည် မသိမမြင်ခြင်းပင် ဖြစ်၏၊ လောဘ ဖြစ်ရာ၌လည်း မောဟ ပါဝင်၏၊ ဒေါသဖြစ်ရာ၌လည်း မောဟပါဝင်၏၊ မောဟသည် အကုသိုလ်စိတ်စေတသိက်တရားတို့ဖြစ်ပေါ်ရာတိုင်း၌ အမြဲပါဝင်၏၊ မောဟ—မပါသော အကုသိုလ်—ဟူ၍မရှိပေ။

သာယာဖွယ် တပ်မက်ဖွယ်မရှိသော ပစ္စည်းဝတ္ထုတို့အပေါ်၌ လောဘက တပ်မက်စွဲလမ်း၏၊ တပ်မက်စရာမရှိသော ပစ္စည်းဝတ္ထုအပေါ်၌ တပ်မက်ဖွယ်ဟု ထင်အောင် အမှားကို အမှန်ဟု ထင်မြင်အောင် အဝိဇ္ဇာက အားပေးအားမြှောက် ပြုပေး၏၊ထိုအခါလောဘက စွဲလမ်းနှစ်သက်စရာချည်းပါလား ဟူသောအမှတ်ဖြင့် အနိဋ္ဌာရုံ အားလုံးကို စွဲလမ်းနှစ်သက်၏။

ထို့အတူပင် ဒေါသစိတ် ဖြစ်ပေါ်လာအောင်လည်း အဝိဇ္ဇာကပင် အားပေးအားမြှောက် ပြုပေး၏၊ “အကျိုးတရားသည် အကြောင်းတရားကြောင့်ဖြစ်ရ၏၊ မကောင်းကျိုး ခံစားရခြင်းသည် အကုသိုလ်ကံကြောင့်ပင် ဖြစ်ရ၏”ဟု သဘာဝတရား၏ အမှန်သဘောကို မမြင်ဘဲ မိမိအလိုကျ မဖြစ်လာတိုင်း ဒေါသစိတ်ဖြစ်ရခြင်းသည် သဘာဝအမှန်တရားကို မသိမမြင်ခြင်း၊ အဝိဇ္ဇာတရားက ဖုံးကွယ်ပေးထားခြင်းကြောင့် ဖြစ်၏။

ထို့ကြောင့် ဒေါသဖြစ်ရာ၌လည်း မောဟပါဝင်၏၊ လောဘ, ဒေါသ တရားတို့ကို ဒါနမှုကို နှောင့်ယှက်တတ်သော တရားများ ဟု ဆိုခဲ့သဖြင့် မောဟတရားသည်လည်း ဒါနမှုကို နှောင့်ယှက်တတ်သော တရားပါတကားဟု မှတ်သားရမည်သာ၊ လောဘ၊ ဒေါသ၊ မောဟ—အကုသိုလ်တရား တစ်ခုခုဖြစ်နေခိုက်တွင် ပေးလှူခြင်း ဒါနတရား မဖြစ်နိုင်သော

ကြောင့် ဒါနတရားကို လောဘ–ဒေါသ–မောဟတရားများက နှောင့်-ယှက်ဟန့်တား ထားတတ်ကြပေသည်၊ ထိုလောဘ–ဒေါသ–မောဟ တရားဆိုးများကို ဒါနကုသိုလ်တရားဖြင့် ပယ်ခွါနိုင်အောင် အထူးကြိုးစားဖို့ လိုအပ်ပေသည်။

**မစ္ဆရိယက အလှူဒါနကို နှောင့်ယှက်ခြင်း**

အလှူဒါန ပြုလုပ်လိုကြသူတို့၏ သန္တာန်၌ အကြီးမားဆုံး အလှူဒါနကို နှောင့်ယှက် ဟန့်တားတတ်သော တရားတို့တွင်မစ္ဆရိယတရားသည် ရှေ့ဆုံးကပါဝင်၏၊ လောကသုံးပါး၌ အတုမရှိသော ဘုရားရှင်ကို ကိုယ်တိုင်ဖူးတွေ့ နေကြရ၏၊ ဘုရားရှင်၏ ဂုဏ်တော်အနန္တ တို့ကိုလည်း ကြားသိနေကြရ၏။ ရဟန္တာမထေရ် အရှင်မြတ်ကြီးများကိုလည်း ဖူးတွေ့နေကြရ၏။ ထိုဘုရားရဟန္တာ အရှင်မြတ်တို့အား သူတကာတို့ ကိုးကွယ်ဆည်းကပ်လျက် လှူဒါန်းနေကြသည်ကိုလည်း ကြားသိ တွေ့မြင်နေကြရ၏၊ ဘာသနာတော် အစဉ်အဆက် ပေါ်ထွန်းတော်မူခဲ့ကြသော မထေရ်မြတ်ကြီး များနှင့် တကွ ယခုလက်ရှိ ထေရ်သံဃာအရှင်မြတ်တို့၏ သီလ သမာဓိ ဂုဏ်ကျေးဇူး အနန္တတို့ကိုလည်း ကြားသိတွေ့မြင် ဆင်ခြင်အောက်မေ့လျက် ကိုးကွယ်ဆည်းကပ်ထိုက်သည်ကိုလည်း ယုံကြည်ကြ၏၊ သို့သော် ထိုဘုရားရဟန္တာ ထေရ်သံဃာအရှင်မြတ်တို့ကို ကြည်ညိုမှုကား ကြည်ညိုကာ မတ္တသာဖြစ်ကြ၏။ ကြည်ညိုကြပြီးနောက် လက်တွေ့လှူဒါန်း နိုင်ကြသည်ကား နည်းပါးလှ၏။ ထိုသို့ဖြစ်ရခြင်းသည် မိမိပစ္စည်း အပေါ် နှမြောတွန့်တိုမှု မစ္ဆရိယတရားက နှောင့်ယှက် ဟန့်တား ထားသောကြောင့်ဖြစ်၏။

**နှမြောလွန်းသောသေဌေးကြီး ဦးစေးနဲအကြောင်း**

မိမိပစ္စည်းကို နှမြောတွန့်တို လွန်းတဲ့နေရာမှာ ပြိုင်စံရှားတဲ့ သူတစ်ယောက် ဘုရားလက်ထက်က ရှိခဲ့ဖူး၏၊သူကား ရာဇဂြိုဟ်ပြည်နှင့် မနီးမဝေး အရပ်ဒေသဖြစ်တဲ့ သက္ကာရရွာကြီးတစ်ရွာမှာ နေ၏၊ ပစ္စည်း ဥစ္စာများသည် ကုဋေရှစ်ဆယ်ရှိ၍ ချမ်းသာကြွယ်ဝသူ သေဌေးတစ်ဦး လည်းဖြစ်၏။

ထိုသေဌေးသည် မိမိပစ္စည်းအပေါ် အလွန်နှမြော တွန့်တို၏၊ သူတစ်ပါးအား ဆီတစ်စက်၊ ဆန်တစ်စေ့မျှမပေးလို ရုံမျှမက မိမိပစ္စည်းကို မိမိကိုယ်တိုင်လည်း မခံစား မသုံးဆောင်ချေ။

မိမိပစ္စည်းများ ကုန်ခန်းလျော့ပါးသွားမှာ စိုးရိမ်ကြောင့်ကြ၍ ရသမျှပစ္စည်းကိုလုံခြုံစွာ သိမ်းဆည်း သိုဝှက်ထား၏၊ မိမိ၏ ဇနီးမယား သမီး သားတို့အားလည်း မပေးကျွေး မဆင်ယင်၊ ရဟန်း သံဃာတော်တို့အားလည်း မလှူဒါန်းဘဲ မိမိပစ္စည်းများကို ဂရုတစိုက် အထူးတလည် ထိန်းသိမ်း စောင့်ရှောက်၍သာ နေ၏။ ထို့ကြောင့် ထိုသေဌေးကို "မစ္ဆရိယကောသိယ" ဟူ၍ ခေါ်ဝေါ်ကြ၏။

တစ်နေ့သ၌ ထိုသေဌေးသည် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ထံ ခစားဝင်၍ ပြန်အလာ လမ်းခရီးတွင် မုန့်လုပ်သော မုန့်ဆိုင်၌ လူအပေါင်းတို့သည် အိုးကင်းမုန့်၊ မုယောမုန့်တို့ကို ဝယ်ယူစားသောက် နေကြသည်ကို တွေ့မြင်လေ၏၊ ထိုသေဌေးသည် ထိုမုန့်မျိုး လုပ်၍စားလိုသော အာသာဆန္ဒများ ဖြစ်ပေါ်လာလျက် အိမ်သို့ပြန်လာပြီး စဉ်းစားလေ၏၊ "ငါသည် အိုးကင်းမုန့်ကို စားလိုသည်ဟု ပြောဆိုခဲ့လျှင် အခြားလူများတို့သည်လည်း ငါနှင့်အတူတကွ စားလိုကြလိမ့်မည်၊ ထိုသို့ဝိုင်းဝန်းပြီး ပြုလုပ်စားသောက်ကြလျှင် ငါ၏ထောပတ် စသောပစ္စည်းများ ကုန်ခန်းသွားလိမ့်မည်၊ မပြောတော့ပါဘူးလေ—" ဟု စဉ်းစားပြီး မိုတ်ကြိတ်သည်းခံလျက်သာ နေ၏။ မုန့်ကိုစားချင်သည့်စိတ်ကလည်း တစ်နေ့ထက်တစ်နေ့ ပိုမိုပြင်းပြလာ၏၊ သေဌေးကြီးသည် ထိုမုန့်ကို စားချင်စိတ်ကို ဖြေဖျောက်၍ မရနိုင်သောကြောင့် တိုက်ခန်းထဲသို့ဝင်၍ ညောင်စောင်းထက်၌ ပက်လက်လှန်လိုက်၊ စောင်းအိပ်လိုက်၊ ဘယ်ညာလူး လှိမ့်လိုက်စသည်ကိုပြုလျက် ဦးခေါင်းကိုစောင်ခြုံကာ အိပ်နေလေ၏၊ ဤမျှလောက် စိတ်ဆင်းရဲမှုဒုက္ခကို ခံစားနေရပါလျက် မိမိပစ္စည်း ကုန်ခန်းမှာကို စိုးရိမ်ကြောင့်ကြသဖြင့် မည်သူ့ကိုမျှ စကားမပြောဘဲ တစ်ယောက်တည်း တိတ်ဆိတ်စွာ မိုတ်ကြိတ်၍သာ နေလေ၏၊

ထိုအခါ သေဋ္ဌေးကတော်သည် သေဋ္ဌေးကြီးကို ခြေဆုပ်လက်နယ် ပြုလုပ်ပေးလျက် "သေဋ္ဌေးကြီး—အရှင့်အား မကျန်းမာမှုဖြစ်ပါသလော၊ သို့မဟုတ် ဘုရင်မင်းကြီးက အမျက်ထွက်လိုက်ပါသလော၊ သို့မဟုတ် သားသမီး ကျွန်အမှုလုပ်တို့အပေါ် မကျေနပ်၍လော" စသည်ဖြင့် မေးသောအခါ မဟုတ်ကြောင်း ပြောဆို၏။

ဒါတွေမဟုတ်လျှင် ပစ္စည်းဝတ္ထု တစ်ခုခုကို လိုချင်မက်မော လို့လားဟု မေးသောအခါ ဟုတ်ပေ၏ ဟု ပြောဆိုမိလျှင် ပစ္စည်း ကုန်မှာကိုပင် စိုးရိမ်၍ ထုတ်မပြောဘဲ ဆိတ်ဆိတ်နေပြန်၏။

သေဋ္ဌေးကတော်က အကြိမ်ကြိမ် အခါခါ မေးပါများမှ အိုးကင်းမုန့် စားလိုကြောင်းကိုပြော၏။ ထိုအခါ သေဋ္ဌေးကတော်က ဒီမုန့်ကိုစားချင် တာများ ဒီလောက် ဒုက္ခခံနေရသလား၊ သင်ကဆင်းရဲနေလို့လား၊ တစ် မြို့လုံး တစ်ရွာလုံးမှာ ရှိသမျှလူအားလုံး စားလောက်အောင် မုန့်ကို ကြော်ပေးပါမည်ဟု သေဋ္ဌေးကတော်ကဆို၏။

ထိုအခါ သေဋ္ဌေးကြီးက မြို့သူမြို့သား ရွာသူရွာသားတို့က ငါတို့၏မုန့် ကိုစားပြီး သူတို့အလုပ်ကို သူတို့လုပ်ကြမှာ၊ သူတို့ကို ကျွေးလို့ ငါတို့မှာ ဘာအကျိုး ရှိမှာလဲဟုဆို၏။

ဒါဆိုရင် အိမ်နီးနားဖြစ်သည့် ခရီးလမ်းဆုံ၌ သွားလာနေထိုင်ကြ သောသူတို့ စားလောက်အောင်သာ ကြော်ပါမည်ဟုဆိုပြန်လျှင် သေဋ္ဌေး ကြီးက သင့်မှာ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာတာကို ငါသိပါတယ်ဟု မကျွေးလို၍ ခနဲ့သံဖြင့် ပြောဆို၏။

ဒါဆိုလျှင်လဲ ဒီအိမ်မှာရှိတဲ့ လူအားလုံး စားလောက်အောင်သာ ကြော်ပါမည်ဟု ပြောဆိုသောအခါ သေဋ္ဌေးကြီးသည် "သင်ဟာ—လိုချင် လောဘစိတ် ကြီးကို ကြီးလွန်းလှတယ်" ဟု မကျွေးလို၍ မယားကို ရိုပြီး ပြောဆိုပြန်၏။

ဒါဆိုလျှင်လဲ အရှင်၏သားသမီးတို့ စားလောက်အောင်သာ ကြော်ပါမည်ဟု ဆိုပြန်လျှင်လည်း ခွင့်မပြုချေ နောက်ဆုံးသူတို့ လင်မယား နှစ်ယောက်သာ စားလောက်ရုံသာလျှင် ကြော်မည်ဟု ပြောဆိုရာတွင်လည်းသင့်မှာ ဘာရောဂါဖြစ်လို့ စားချင်ရတာလဲဟု မေးပြီးကြော်ခွင့်မပြုချေ၊နောက်ဆုံးတော့ သေဌေးကတော်သည် သေဌေးကြီးတစ်ယောက်စားလောက်ရုံသာ ကြော်ပါတော့မည်ဟု ပြောဆိုရလေတော့၏။

ထိုအခါ သေဌေးကြီးသည်"ဒီနေရာမှာကြော်ခဲ့လျှင် လူအများသိသွားကြ၍စားလိုကြလိမ့်မည် ဆန်အကောင်းစားကို ချန်ထားခဲ့ပြီး ဆန်ကွဲဆန်ကျိုးနှင့် ဖိုခနောက် အိုးကင်းတို့ကိုယူခဲ့ပြီး နို့ရည်'ထောပတ်'တင်လဲ'ပျားရည်တို့ကိုလည်း နည်းနည်းစီသာ ယူခဲ့ကာ ဘုံခုနစ်ဆင့် ရှိသောပြာသာဒ် အထက်ဆုံးထပ်သို့တက်ပြီး မုန့်ကိုကြော်စို့ အဲဒီမှာဘဲ ငါတစ်ယောက်တည်း နေထိုင်လျက် စားပါ့မယ်ဟု ပြောဆို၏။

သေဌေးကတော်သည်လည်း ထိုပစ္စည်းအားလုံးတို့ကို ယူစေလျက် ပြာသာဒ်ထက်သို့တက်ပြီး လိုက်ပို့သော ကျွန်မကို ပြန်လွှတ်လိုက်ပြီးလျှင် သေဌေးကို ခေါ်ခိုင်းလိုက်၏။သေဌေးကြီးလည်း အစဆုံးဖြစ်သော ဘုံအဆင့်မှစ၍ တံခါးတို့ကို တဆင့်ပြီးတစ်ဆင့် ပိတ်ခဲ့လျက် တံခါးအားလုံးတို့၌ရှိသော မင်းတုံးတို့ကို ချကာ ခုနစ်ဆင့်မြောက် ပြာသာဒ်ထက်သို့တက်၍ ထိုပြာသာဒ်အပြင်၌လည်း တံခါးကို လုံခြုံစွာပိတ်၍ ထိုင်နေ၏။

သေဌေးကတော်သည်လည်း မုန့်ကြော်ရန် အဆင်သင့် ပြင်ဆင်ပြီးဖြစ်၍ နေလေ၏။

ထိုအခါ ဘုရားရှင်သည် နံနက်စောစောကပင် လောက၌ ချွတ်ရမည့်သူကို ကြည့်ရှုသောအခါ မစ္ဆရိယကောသိယတို့ ဇနီးမောင်နှံကို မြင်တော်မူ၏။

ထို့ကြောင့် ဘုရားရှင်သည် သေဋ္ဌေးကြီးအား ကြိုတင်ဆုံးမပြီး ဝန်တို စိတ် ကင်းစေအောင် ပြုလုပ်ရန် အရှင်မဟာမောဂ္ဂလာန် မထေရ်ကို စေလွှတ်လိုက်၏။ ထိုအခါ အရှင်မဟာမောဂ္ဂလာန်သည် ထိုသေဋ္ဌေးကြီး ရှိရာ သက္ကာရ နိဂုံးရွာကြီးသို့ တန်ခိုးတော်ဖြင့် ကြွရောက်၍ မဇ္ဈိမယ ကောသိယသေဋ္ဌေးကြီးတို့ မုန့်ကြော်ရာပြာသာဒ်၏ တံခါး၌ သက်နံးရုံ တော်မူလျက် ကောင်းကင်၌ မတ်မတ်ရပ်တော်မူကာ သီတင်းသုံးနေ၏။

သေဋ္ဌေးကြီးသည် မည်သူမျှမမြင် မတွေ့ရအောင် ဘုံခုနစ်ဆင့်ထက်၌ ပုန်းအောင်း၍ မုန့်ကြော်နေပါလျက် အရှင်မဟာမေဂ္ဂလာန် မထေရ် မြတ်ကိုရုတ်တရက် တွေ့မြင်လိုက်ရသောအခါ ခြေမကိုင်မိ လက်မကိုင်မိ ဘာလုပ်ရမှန်းမသိဘဲ ယောင်တောင်တောင် ကြောင်အန်းအန်းဖြစ်သွား လေ၏။ သူခိုးလူမိသည့်ပုံ ဖြစ်သွား၏၊ ဆားကိုမီးထဲထည့်လိုက်လျှင် ဖျစ်ဖျစ် ဖျစ်ဖျစ်မည်သကဲ့သို့ စိတ်ထဲ၌လည်း ဒေါသစိတ်တွေ တဖွားဖွား ဖြစ်၍ ပူလောင်လာလေ၏၊သေဋ္ဌေးကြီးသည် အမျက်ဒေါသထွက်လျက်–

> "အိုရဟန်း ကောင်းကင်ပြင်၌ လာရပ်နေရုံမက ခြေရာမထင်စေ
> နိုင်တဲ့ကောင်းကင်ပြင်၌ တန်ခိုးဖြင့် ခြေရာထင်အောင်ပြုပြီး
> လမ်းလျှောက်ပြနေလဲ မလောင်းလှူနိုင်ဘူး"

ဟုပြောဆိုလေသည်၊ အရှင်မဟာမောဂ္ဂလာန်သည် ထိုသေဋ္ဌေးကြီးဆို တိုင်း ခြေရာထင်စေလျက်စင်္ကြံ ကြွပြတော်မူ၏။

ထိုအခါသေဋ္ဌေးကြီးက–"အိုရဟန်း စင်္ကြံကြွပြရုံမကလို့–ကောင်းကင် ပြင်၌တင်ပလ္လင် ခွေထိုင်နေပြီးဘဲပြုပြု တံခါးခုံ၌ လာ၍ရပ်ဘဲပြုပြု အခိုး အငွေ့တွေကိုဘဲ လွှတ်လွှတ်–မုန့်ကို နမ်းတစ်စေ့လောက်မျှပင် မရလတ္တံ၊ မလောင်းလှူနိုင်"ဟု ဆိုလေ၏၊ ထိုသို့ သေဋ္ဌေးကြီး ဆိုတိုင်းကို အရှင် မဟာမောဂ္ဂလာန်မထေရ်မြတ်လည်း ထိုင်ပြ၏၊ တံခါးခုံ၌ ရပ်ပြ၏၊အခန်း တွင်းသို့ အခိုးအလျှံတွေကို လွှတ်လေ၏။

ထိုအခါ ပြာသာဒ်တစ်ဆောင်လုံး အခိုးအလျှံတို့ဖြင့် ဖြည့်နှက်နေလေ၏။ သေဌေးကြီးမျက်စိကို အပ်ဖြင့်ထိုးဆွသကဲ့သို့ နာကျင်စွာ ခံစားရလေ၏။ ထိုအခါ သေဌေးကြီးသည် အိမ်ကို မီးလောင်မည် ကြောက်လန့်၍ "ဒီရဟန်း ဒီမုန့်ကို အင်မတန် လိုချင်စွဲလမ်းနေ၏၊ နည်းနည်းမျှ မပေးလျှင် သွားတော့မှာမဟုတ်၊ မုန့်တစ်ခုလောက်တော့ ပေးမှဖြစ်မည်" ကြံစည်၍ မိမိမယားအား "ရှင်မ မုန့်သေးသေးတစ်ခုကို သီးသန့်လုပ်၍ ဤရဟန်းအား ပေးပြီး ပြန်လွှတ်လိုက်ပါ"ဟု ပြောဆို၏။

သူဌေးကတော်သည် သူဌေးကြီး ပြောဆိုသည့်အတိုင်း မုန့်ရေကို အိုးကင်းထဲသို့ အနည်းငယ်မျှ ထည့်လိုက်၏။ မုန့်သည် အိုးကင်းတစ်ခုလုံး ပြည့်လျက် ဖောင်းပွ ကြီးထွား ပြည့်မောက်၍ လာ၏။ သေဌေးကြီးသည် ထိုမုန့်ကြီးကို မြင်လျှင် "သင်ဟာ မုန့်ရေကို များများထည့်ရသလား" ပြောဆိုလျက် ကိုယ်တိုင် ယောက်မကို ကိုင်ကာ ယောက်မဖျားအစွန်းဖြင့် မုန့်ရေတစ်စက်လောက်ကို ထည့်လိုက်၏။ မုန့်သည် တစ်စက်လောက်ပင် ထည့်သော်လည်း ရှေးကထက်တိုး၍ မုန့်ယှက်ကြီးဖြစ်ပြန်၏။ ထည့်လိုက်တိုင်းသော မုန့်ရေတစ်စက်သည် တစ်ခုထက်တစ်ခု ကြီး၍ ကြီး၍သာ လာလေ၏။ ထိုအခါသေဌေးကြီးသည် ဆက်လက်၍ မုန့်ကို ကြော်လိုစိတ် ကုန်ခန်း ငြီးငွေ့သွား၏။ ထို့ကြောင့် ကြော်ပြီး မုန့်များထဲမှ မုန့်တစ်ခုကို လောင်းလှူလိုက်ရန် ပြောဆို၏။

သေဌေးကတော်သည် တစ်ခုနှင့်တစ်ခု ထပ်၍ထားသော မုန့်ခြင်းထဲမှ မုန့်တစ်ခုကို လောင်းလှူရန် ခွာယူလိုက်သောအခါ ခွာ၍မရ ဖြစ်နေ၏။ မုန့်များသည် တစ်စပ်တည်း ဖြစ်၍နေ၏။

ထိုအခါသေဌေးကြီးသည် သူကိုယ်တိုင်ထ၍ ခွာပြန်၏။ သေဌေးကြီး ခွာသော်လည်း မရသောအခါ သေဌေးလင်မယား နှစ်ယောက်တို့သည် မုန့်၏အစွန်းတို့၌ ကိုင်၍ ဆွဲခွာကြပြန်၏။ ခန္ဓာကိုယ်မှ ချွေးဒီးဒီးသာ ထွက်ပါသော်လည်း ဘယ်လိုမှ ခွာ၍မရသဖြင့် မုန့်ကို စားလိုသောစိတ်ပါ ကုန်ခမ်းသွားလေ၏။

ထိုအခါ သေဌေးကြီးက မုန့်အားလုံးကိုလောင်းလှူလိုက်ရန် သေဌေးကတော်အား ပြောဆိုလေ၏။ အရှင်မဟာမောဂ္ဂလ္လာန် မထေရ်သည် သေဌေးလင်မယားတို့အား တရားဟောကြား၏။ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးကိုလည်း ဟောပြ၏။ အလှူဒါန၏ အကျိုးကြီးမားပုံကိုလည်း ဟောပြ၏။

တရားနာကြားပြီးသည့်အခါ သေဌေးလင်မယားတို့သည် ကြည်ညိုသဒ္ဓါတိုးပွားကာအရှင်မဟာမောဂ္ဂလာန်အား ပလ္လင်ပေါ်မှာထိုင်နေလျက် မုန့်ကို ဘုဉ်းပေးသုံးဆောင်တော်မူပါရန် လျှောက်၏–

အရှင်မောဂ္ဂလာန် – သေဌေးကြီး ဘုရားရှင်သည် ဤမုန့်တို့ကို ဘုဉ်းပေး သုံးဆောင်တော်မူရန် ရဟန်းသံဃာ အပေါင်းနှင့် အတူ ကျောင်းတော်၌ သီတင်းသုံး နေတော်မူလျက်ရှိပေ၏၊သင်တို့ကိုယ်တိုင်လှူဒါန်း ဆက်ကပ်လိုလျှင် မုန့်တို့ကို ယူခဲ့ကြ၊ သင်တို့ကို ဘုရားရှင်ရှိရာ အရပ်သို့ ပို့ဆောင်ပေးမည်၊

သေဌေး – အရှင်ဘုရား ယခု ဘုရားရှင်သည် အဘယ်အရပ်၌ သီတင်းသုံး နေပါသနည်း ၊

အရှင်မောဂ္ဂလာန် – သေဌေးကြီး ဤသက္ကရာဇ်ဂုံးမှ ၄၅–ယူဇနာ ဝေးလှသော သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်၌ သီတင်းသုံးနေတော်မူ၏။

သေဌေး – ဤမျှဝေးသောအရပ်သို့ အချိန်မီဆက်ကပ်နိုင်ရန် အဘယ်သို့ သွားရောက်နိုင်ပါမည်နည်း ဟု လျှောက်သည့်အခါ–

အရှင်မောဂ္ဂလာန် – သင်တို့ဆက်ကပ်လိုလျှင် ငါ၏တန်ခိုးအစွမ်းဖြင့် ပို့ဆောင်ပေးအံ့ ဟု မိန့်တော်မူ၏။

သေဋ္ဌေး — ကောင်းလှပါပြီ အရှင်ဘုရား၊ တပည့်တော်တို့ ဘုရားအမှူးရှိသော ရဟန်းသံဃာအပေါင်းအား ဆက်ကပ်လိုပါသည်ဘုရား"—

ဟု လျှောက်ထားသောအခါ အရှင်မဟာမောဂ္ဂလာန်သည် သေဋ္ဌေးကြီး၏ အောက်ဆုံးပြာသာဒ်တံခါးမှထွက်လိုက်သည်နှင့်တစ်ပြိုင်နက် ဇေတဝန်ကျောင်းတော်၏ တံခါးမုခ်သို့ ရောက်ရှိသွားနိုင်အောင် တန်ခိုးဖန်ဆင်းလိုက်၏။

ထိုအခါ သေဋ္ဌေးသည်လည်း ချက်ချင်း ဇေတဝန်ကျောင်းတော်တွင်းသို့ ရောက်ရှိပြီး မုန့်ဆွမ်းဆက်ကပ် လှူဒါန်းလေတော့၏။

ဤဝတ္ထု၌ မစ္ဆရိယ ကောသိယ သေဋ္ဌေးကြီးသည် မိမိပစ္စည်းအပေါ်၌ နှမြော တွန့်တိုသောစိတ်ကြောင့် ပေးကမ်းလှူဒါန်းမှု မပြုနိုင်ခဲ့ပေ။ ယခုဘဝတွင် ကျွတ်တမ်းဝင်မည့် ဝေနေယျဖြစ်၍ ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ဖြင့် ကြည့်ရှု ချေချွတ်မှုကြောင့်သာ အလှူဒါန ထမြောက်အောင်မြင်ခဲ့ခြင်း ဖြစ်သည်။ ဘုရားရှင်နှင့် မတွေ့ခဲ့လျှင်ကား ထိုသေဋ္ဌေးကြီး၏မစ္ဆရိယစိတ်သည် သေဋ္ဌေးကြီးကို မည်မျှနှိပ်စက်လေဦးမည် မသိနိုင်ချေ။ မစ္ဆရိယစိတ်ထားရှိခြင်းသည် လွန်စွာကြောက်စရာ ကောင်းလှ၏။ ဤဝတ္ထုကိုထောက်၍ အလှူဒါနသည်ဘဝဆင်းရဲမှကျွတ်လွတ်နိုင်ကြောင်းကို မှတ်သားထိုက်ပေသည်။

စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာခြင်း၊ ဂုဏ်သတင်း ကျော်စောခြင်း၊ ရာထူးအာဏာကြီးခြင်း စသော လောက၌ အကောင်းဆုံး အမြင့်ဆုံး မှန်သမျှသည် ငါ့အားသာဖြစ်စေ၊ သူတစ်ပါးအား မဖြစ်ပါစေနှင့် ဟု ဤသို့ စိတ်ထားရှိသူကို မစ္ဆရိယစိတ်၊ဝန်တိုစိတ်ရှိသူဟု ခေါ်ရ၏။

မစ္ဆရိယသည် သဘာဝမွေ့အားဖြင့် လောဘ၊ ဒေါသတို့ကို အရင်းခံ၍ ဖြစ်ပေါ်လာတတ်၏။ ထိုကြောင့် မစ္ဆရိယ အညစ်အကြေးကိုပယ်ဖျောက်

လိုလျှင် အရင်းခံတရား နှစ်ပါးဖြစ်သည့် လောဘ ဒေါသကို ပယ်ဖျောက်ရန် လိုအပ်၏။ ဝန်တိုစိတ် ရှိသူသည် စိတ်ထား တွန့်တိုသောကြောင့် ကိုယ်ခန္ဓာပါ တွန့်တိုတတ်ချေ၏။

## စိတ်ထားတွန့်တိုသဖြင့် ဘဝသံသရာမှာ ဆင်းရဲတွင်းနစ်ရပုံ

ဘုရားရှင်လက်ထက်တော်က သာဝတ္ထိမြို့သူ မြို့သားများသည် ပွဲလမ်းသဘင် ကြီးကျယ်စွာ ဆင်ယဉ်ကျင်းပပြုလုပ်ကြပြီး ဘုရားအမှူးရှိသော သံဃာတော်တို့အား ပူဇော်ကြ၏၊ လူတစ်ယောက်သည် ထိုသို့ လူအများ ပူဇော်မှုပြုလုပ်ကြသည်ကို မကျေနပ်နိုင်သောကြောင့်–"ဒီဦးပြည်းကတုံးတွေကို လှူဒါန်းရသည်ထက် အမှိုက်ထဲ စွန့်ပစ်ရသည်က မြတ်လိမ့်ဦးမယ်" ဟု မစ္ဆရိယ ဝန်တိုစိတ်ဖြင့် ပြောဆိုခဲ့မိ၏။ ထိုကံ၏အကျိုးဆက်ကြောင့် သေလွန်ပြီး နောက်ဘဝဝယ် ပြည့်တန်ဆာမ၏ သားဖြစ်ရပြီး သုသာန်၌ စွန့်ပစ်ခံရလေ၏။ ဝန်တိုစိတ်ထားခြင်းသည် အလွန်တရာပင် ကြောက်စရာကောင်းလှပေ၏။ မစ္ဆရိယ ဝန်တိုစိတ်ရှိသူသည် ထိုစိတ်ကြောင့် သေပြီးသည့်နောက်ဘဝဝယ် အပါယ်သို့ကျရောက်နိုင်၏၊ တိရစ္ဆာန်ဘဝသို့ရောက်ခဲ့သူတွေလည်း မနည်းလှတော့၊အကယ်၍ လူဘဝသို့ ရောက်လာပြန်သော်လည်း စည်းစိမ်ဥစ္စာချို့တဲ့ သောအမျိုး၌ ဖြစ်တတ်ချေ၏။

ဝန်တိုစိတ် ရှိနေသူသည် မိမိပစ္စည်းကို လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ရမှုဟူသော တာဝန်ကြီးကိုလည်း ထမ်းဆောင်နေရတတ်၏၊ တုတ်၊ ဓား၊ လက်နက်ကို ကိုင်လျက်လည်း စောင့်ရှောက် ရတတ်၏၊ မိမိပစ္စည်းကို သူတပါးတို့ လာရောက်ယူငင်ကြသဖြင့် ရန်ဖြစ်ရခြင်း၊ ငြင်းခုံရခြင်း စသော နောက်ဆက်တွဲ အကုသိုလ်တရား ဆိုးများနှင့်လည်း ရင်ဆိုင် တွေ့ကြုံရတတ်၏။

ဝန်တိုစိတ် ရှိနေသူ၏စိတ်သည် အမြဲညစ်နွမ်း ရှုပ်ထွေး၍သာ နေတတ်၏၊ စိတ်ခဝတ်အင်အားများလည်း တက်ကြွမှု မရှိနိုင်ချေ။ ဝန်တိုစိတ် ရှိနေသူသည် လူသူပရိသတ် အလယ်တွင် ပေါ်ပေါ်ထင်ထင်

ရဲရင့်တည်ငြိမ်စွာ မနေဝံ့ဘဲ မထင်မရှား ချောင်ကြိုချောင်ကြား အရပ်၌ ပုန်းလျှိုးကွယ်လျှိုး နေရတတ်၏။ ထို့ကြောင့် ပရိသတ်အလယ်တွင် ရဲရဲရင့်ရင့် တင့်တင့်တယ်တယ် သွားလာနေထိုင်လိုလျှင် ပေးကမ်းစွန့်ကြဲမှု ဒါန်ကို ပြုလျက် မစ္ဆရိယစိတ်ကို ပယ်ဖျောက်သင့်ပေ၏။

အထက်၌ ဆိုခဲ့ပြီးသည်ကား သတ္တဝါတို့၏ အတွင်း အဇ္ဈတ္တသန္တာန်၌ ကိန်းဝပ် ဖြစ်ပေါ်တတ်သော လောဘ စသော တရားဆိုးတို့က နှောင့်ယှက် ဟန့်တားမှုကြောင့် အလှူဒါန ပျက်ခဲ့ရပုံ ဖြစ်၏။

အလှူဒါန အထမမြောက်အောင် နှောင့်ယှက်တတ်သော အရာဝယ် အတွင်းသန္တာန်မှ ဖြစ်သော တရားတို့သာ မကဘဲ ပြင်ပ အနှောင့် အယှက်များလည်း ရှိချေ၏။

ပြင်ပ အနှောင့်အယှက်သည်လည်း အလှူဒါန် ပြုလုပ်ရာ၌ များစွာ သတိထားရမည့် အရာဖြစ်၏။

မိမိတို့၏ အတွင်းအဇ္ဈတ္တသန္တာန်၌ ဖြစ်ပေါ်လာတတ်သော လောဘ စသော အနှောင့်အယှက်တရားများနှင့် ပြင်ပ အနှောင့်အယှက် မှန်သမျှတို့ကို ရဲရံ့ပြတ်သားစွာ ရင်ဆိုင်နိုင်မှ အလှူဒါန ထမြောက် အောင်မြင်နိုင်ကြမည်ဖြစ်၏။

အလှူဒါန ပြုလုပ်ရာ၌ ပြင်ပမှ နှောင့်ယှက် ဖျက်ဆီးပုံကား အောက်ပါအတိုင်း ဖြစ်၏။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ဗာရာဏသီပြည်ဝယ် သေဋ္ဌေးမျိုး၌ ဖြစ်၏၊ ထိုသေဋ္ဌေးသည် မြို့တံခါးပ လေးမျက်နှာတို့၌ အလှူမဏ္ဍပ်တစ်ခုစီနှင့် မြို့လယ်ခေါင်တွင် အလှူမဏ္ဍပ် တစ်ခု၊ မိမိအိမ်ရှေ့၌ အလှူမဏ္ဍပ်တစ်ခုအားဖြင့် အလှူမဏ္ဍပ် ၆–ခု တို့ကို ပြုလုပ်စေ၍ နေ့စဉ် အလှူဒါနကြီးကို ပေး၏။

တစ်နေ့သောအခါ သေဌေးကြီးသည် နံနက်စာစားသုံးရန် ခင်းကျင်းပြင်ဆင်နေစဉ် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါးသည် နိရောဓသမာပတ်မှ ထတော်မူပြီးသောအခါ ထိုသေဌေးကြီးအား ချီးမြှောက် လိုသည်ဖြင့်၍ သေဌေးကြီး အိမ်ရှေ့တံခါးဝ၌ ရပ်တော်မူလာ၏။

သေဌေးကြီးလည်း ဒါနပြုမှုကို ပျော်မွေ့နှစ်ခြိုက်သူပီပီ ကြည်ညိုဖွယ်နှင့်ပြည့်စုံသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို ဖူးမြင်ရသောအခါ ကြည်ညိုလှသည်ဖြစ်၍ စားသောက်နေရာစားပွဲမှ ထ၍ အရိုအသေ ပေးပြီးလျှင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ထံမှ သပိတ်တော်ကို ယူခဲ့ရန် အမှုလုပ်ယောကျ်ားကို ပြောကြား၏၊ အမှုလုပ်ယောကျ်ားလည်း သပိတ်တော်ကို ယူရန် အိမ်အတွင်းမှ ထွက်၍ ပစ္စေက ဗုဒ္ဓါအရှင်မြတ် ရပ်တည်နေရာ အိမ်တံခါးဝ(ခြံဝင်းတံခါးဝ)သို့ ထွက်လာခဲ့၏။

ထိုအချိန်တွင် ဝသဝတ္တိနတ်ပြည်၌ နေသော မာရ်နတ်သည် “ဤပစ္စေက ဗုဒ္ဓါသည် ခုနစ်ရက်လုံးလုံး အစာမစားခဲ့ဘဲ နိရောဓသမာပတ် ဝင်စား၍ နေခဲ့၏၊ ယနေ့ အစာအဟာရကို မစားသုံးရသည်ရှိသော် ဤပစ္စေက ဗုဒ္ဓါသည် သေရလိမ့်မည်။ သို့ဖြစ်၍ ဤပစ္စေကဗုဒ္ဓါ၏ အသက်အန္တရာယ်ကို ပြုရန်နှင့် သေဌေး၏ အလှူဒါနကိုလည်း ဖျက်ဆီး နှောင့်ယှက်ရန်” ဟူသော ရည်ရွယ်ချက်ဖြင့် သေဌေးကြီး၏ အိမ်နှင့် ပစ္စေကဗုဒ္ဓါ အရှင်မြတ် ရပ်တည်နေသော နေရာတို့၏ အကြား မြေကွက်လပ် အရပ်တစ်ခုလုံး၌အတောင် ၈၀ မျှ ရှည်လျားနက်စောက်သော မီးကျီးတွင်းကြီးကို ဖန်ဆင်း၍ ထားသည်။ ထိုမီးကျီးတွင်းကြီး၏ အတွင်း၌ ရဲရဲတောက်တောက် လောင်နေသော မီးခဲမီးတုံးတို့ အပြည့်ရှိ၏၊ မီးခဲများ တောက်လောင် နီရဲနေသည်မှာ အဝီစိငရဲမီးကဲ့သို့ ထင်မှတ်ရ၏။ မာရ်နတ်သည် ထိုမီးကျီးတွင်းကြီးကို ဖန်ဆင်းပြီး ကောင်းကင်ပေါ်က ရပ်လျက်ကြည့်နေ၏။

ကျွန်ယောကျ်ားသည် အိမ်တံခါးဝမှ ထွက်လျှင်ထွက်ချင်း မီးကျီးတွင်းကြီးကို မြင်တွေ့၍ ရှေ့ဆက်မသွားဝံ့ဘဲ သေဌေးကြီးထံ ပြန်လာ၏၊

သေဋ္ဌေးကြီးသည်"အဘယ်ကြောင့် ပြန်လာခဲ့သနည်း"ဟု မေး၏၊ ထိုသူသည်း "အိမ်ရှေ့၌ မီးကျီးတွင်းကြီး ရှိနေ၍ မသွားဝံ့သောကြောင့် ပြန်လာခဲ့ပါ၏"ဟု ပြော၏၊ သေဋ္ဌေးကြီးသည် နောက်တစ်ယောက်ကို စေလွှတ်ပြန်၏၊ ထိုသူလည်း ရှေးနည်းအတူ ပြန်ပြေးလာ၏။

ထိုအခါ ဘုရားလောင်း သေဋ္ဌေးကြီးသည်—

"ယခုအခါ ငါ၏အလှူကို အန္တရာယ်ပြုလို၍ မာရ်နတ်သည် နှောင့်ယှက်ထားသည် ဖြစ်လိမ့်မည်၊ မာရ်နတ်တစ်ယောက် မကဘဲ မာရ်နတ် သောင်သောင်းမက လာရောက်နှောင့်ယှက် ဟန့်တားသော်လည်း ငါ၏စိတ်ကို တုန်လှုပ်ပျက်စီးအောင် ပြုလုပ်နိုင်ကြမည် မဟုတ်သည်ကို ဤမာရ်နတ်မသိချေ။ ယခုအချိန်ကစ၍ မာရ်နတ်နှင့် ငါ စိတ်ခွန်အား ဘယ်သူက ကြီးမားထက်မြက်သည်ကို သိကြရပေမည်"—

ဟု ကြံစည်၍ လောင်းလှူရန် စီမံထားသော ဆွမ်းခွက်ကို ကိုင်လျက် အိမ်မှ ထွက်ခဲ့၏၊အိမ်မှထွက်၍ မီးကျီးတွင်းနားရောက်လျှင် ရပ်တန့်လျက် ကောင်းကင်ပေါ်သို့ မော့ကြည့်၏။

ကောင်းကင်၌ မာရ်နတ်ကိုမြင်လျှင် "ဤမီးကျီးတွင်းကို အသင် ဖန်ဆင်းသလော"ဟု မေး၏၊ မာရ်နတ်လည်း ဟုတ်မှန်ကြောင်း ဝန်ခံ၏၊ အဘယ်ကြောင့် ဖန်ဆင်းရသနည်း မေးလျှင် မာရ်နတ်က—

"အသင်၏အလှူကို နှောင့်ယှက်ဖျက်ဆီးလို၍ လည်းကောင်း၊ ပစ္စေကဗုဒ္ဓါ၏ အသက်အန္တရာယ်ကို ပြုလို၍ လည်းကောင်း ဖန်ဆင်း၏"—

ဟု ပြော၏။

ထိုအခါ သေဌေးသည်–

"မာရ်နတ်–ငါ၏အလှူကို နှောင့်ယှက်ခွင့်ကိုလည်း မပေးနိုင်၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်၏ အသက်အန္တရာယ်ကို ပြုခွင့်ကို လည်း မပေးနိုင်၊ ယခုအခါ သင်နှင့်ငါ စိတ်ဓာတ်စွမ်းအား ဘယ်သူက သာသည်ကို သင် သိရပေလိမ့်မည်"–

ဟု ပြောဆိုလျက် မီးကျီးတွင်း၏ အနား၌ ကမ်းထိပ်၌ ရဲရဲဝံ့ဝံ့ မတ်မတ် ရပ်လျက်–

"အရှင်မြတ်ဘုရား–တပည့်တော်သည် ဤမီးကျီးတွင်းထဲသို့ စောက်ထိုး မိုးမျှော်ကျ၍ သေမူလည်း သေသွားပါစေ ဘုရား၊ တပည့်တော်၏ အလှူဒါနဝတ်ကို အပျက်မခံနိုင်ပါ၊ တပည့်တော် ရဲဝံ့စွာ လှူဒါန်းမှုပြုပါမည်၊ တပည့်တော်၏ ဆွမ်း အလှူဒါနကို အလှူခံတော်မူပါဘုရား"–

ဟု လျှောက်ထားပြီး စိတ်ဓာတ်ကို မြဲမြံခိုင်ခန့်စွာ ဆောက်တည်ထား လျက် မီးကျီးတွင်းသို့ဆင်း၍ ရဲဝံ့စွာ နင်းလျှောက်သွား၏။

ထိုသို့ ဘုရားလောင်းသေဌေး မီးကျီးတွင်းသို့ ခြေလှမ်းနင်းလိုက် သည်နှင့် အတောင် ၈၀–မျှလောက်သော မီးကျီးတွင်းမှ အဆင့်ဆင့် အမြွာမြွာ ပွင့်ချပ် တစ်ရာတို့ဖြင့် တန်ဆာဆင်အပ်သော အပွင့်ရှိသော ပဒုမ္မာကြာရုံကြီးသည် ဘုရားလောင်းသေဌေး၏ ခြေဖဝါးအောက်မှ ပေါ်ပေါက်လာလေ၏။

သေဌေးကြီးသည် ထိုပဒုမ္မာကြာပွင့်ကြီးပေါ်၌ ရပ်တည်လျက်ကပင် မွန်မြတ်သော အရသာနှင့်ပြည့်စုံသည့် ဆွမ်းဘောဇဉ်ကို ပစ္စေကဗုဒ္ဓါ၏ သပိတ်ထဲသို့ လောင်းလှူလေ၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ဆွမ်းကို ခံယူပြီးနောက် အနုမောဒနာတရား ဟောကြားကာ ကောင်းကင်ခရီးဖြင့် ဟိမဝန္တာသို့ ပြန်ကြွသွားတော်မူ၏။

မာရ်နတ်လည်း သေဌေး၏ အလှူဒါနကို နှောင့်ယှက် ဖျက်ဆီးမှုသည် မအောင်မြင်ဘဲ ရှုံးခဲ့ရ၍ စိတ်နှလုံးမသာမယာဖြင့် မိမိနေရာ ဝသဝတ္တီနတ်ပြည်သို့ ပြန်ခဲ့ရလေ၏။

ဤဇာတ်လမ်း၌ ဘုရားလောင်း၏ စိတ်ဓာတ် ခိုင်မြဲမှုသည် အလွန်အတုယူ အားကျဖွယ် ကောင်းလှ၏၊ အလှူဒါန ပျက်စီးအောင် နှောင့်ယှက်လာသော မာရ်နတ်ကိုပင် ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရဲသော စွမ်းအား သတ္တိရှိ၏၊ သဒ္ဓါတရားလည်း ခိုင်မြဲလှ၏၊ ဘုရားလောင်းတို့သည် ဒါနကောင်းမှု မှန်သမျှ၌ အသက်ကိုပင် စွန့်၍ ပြုလုပ်ကြ၏။

ထို့ကြောင့် အလှူရှင်ပုဂ္ဂိုလ်တို့သည်လည်း မိမိတို့ရည်ရွယ် မှန်းဆ ပြုလုပ်ကြသော ဒါနကောင်းမှုမှန်သမျှတို့၌ အတွင်းအပြင် အနှောင့်အယှက် အားလုံးတို့ကို ရဲဝံ့စွာ ရင်ဆိုင်ဖြတ်ကျော်လျက် ဒါနကောင်းမှုတို့ကို ထမြောက်အောင်မြင်အောင် ပြုလုပ်နိုင်စွမ်းသော စိတ်ဓာတ် စွမ်းအား သတ္တိထူးများကို မွေးမြူကြရမည် ဖြစ်ပေ၏။

ဤဇာတ်လမ်းကို ထောက်ရှု၍ အလှူရှင်များ လှူလိုသည့် စေတနာပေါ်လာခိုက်မှာ မဖြစ်ဖြစ်အောင် အလှူကိုလှူမည်ဟု သန္နိဋ္ဌာန်ချထားဖို့ အထူးလိုအပ်ပါသည်၊ ပေးလှူခြင်းသည် မျက်မြင်ဒိဋ္ဌအားဖြင့် ကုန်သွားသည်ဟု ထင်မြင်ရသော်လည်း ကုန်သွားသည်ထက်ပင် ပိုမို၍ ပြန်ရလာစေနိုင်ရုံမျှမက ဘဝသံသရာတွင် အလှူရှင်အတွက် ထာဝရအကျိုးပြုသည့် တရားမျိုးအဖြစ် ယုံကြည်အားထားထိုက်ပေသည်။

## ဒါနပြုထားသူသည် သေရမှာကို မကြောက်

လောကလူသားများစွာတို့သည် သေခြင်းတရားကို လွန်စွာ ကြောက်လန့်ကြ၏။ "သေ" ဟူသော စကားလုံးကို ပြောမိလျှင်ပင် နိမိတ်မရှိဟုယူဆကာလွန်စွာ စိတ်ဆိုးတတ်ကြ၏၊ သေခြင်းနှင့်ပတ်သက်သောအကြောင်း အရာ,စကား, အပြုအမူ မှန်သမျှတို့ကို တတ်နိုင်သလောက် ရှောင်၍

ရှောင်ကွင်း၍ပြောဆိုဆက်ဆံပြုမူလုပ်ကိုင်တတ်ကြ၏၊ ဤသို့ဖြစ်နေကြခြင်းသည်မိမိတို့သေကြရမှာကိုတွေး၍ကြောက်နေကြခြင်းကြောင့်ပင် ဖြစ်၏။

လောကဌ် သေဆုံးရခြင်း လေးမျိုးရှိ၏၊ အချို့ကား အသက်တမ်းကုန်ဆုံး၍ သေကြ၏၊ အချို့ကား ကံကုန်ဆုံး၍သေကြ၏၊ အချို့ကား အသက်တမ်း ကံနှစ်ပါးလုံး ကုန်ဆုံး၍ သေကြ၏၊ အချို့ကား အသက်တမ်းလည်းမကုန်သေး၊ ကံလည်း မကုန်သေးဘဲ ရုတ်တရက် ဖြစ်ပေါ်လာသောအကြောင်းတစ်ခုခုကြောင့်(ဥပမာ-ရေနစ်၊ မြွေကိုက်၊ ကားတိုက်ခံရခြင်းကြောင့်) သေဆုံးကြရ၏။

သေခြင်းတရားကို လူတိုင်းလူတိုင်း ကြောက်လန့်ကြမည်သာ ဖြစ်၏။ ထိုသေခြင်းတရားကို မရှောင်လွှဲနိုင်ကြဘဲ ရင်ဆိုင်တွေ့ကြုံကြ ရမည်မှာ သတ္တဝါတိုင်း အတွက် နိယာမတစ်ခုဖြစ်၏။

ထိုသို့ ရှောင်လွှဲပုန်းအောင်း၍ မရနိုင်သော သေခြင်းတရားကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်လိုက်ခြင်းသည်သာ အကောင်းဆုံးနည်းလမ်းဖြစ်၏၊ သေသည်ဆိုသည်မှာလက်ရှိဘဝဟောင်းကို စွန့်ခွာသွားရခြင်းဖြစ်၏၊ လက်ရှိဘဝဟောင်းကို စွန့်ပြီးလျှင် နောက်ဘဝသစ်တစ်ခုသို့ ရောက်ရမည်မှာ ကေန်ဖြစ်၏၊ နောက်ဘဝသစ်ပေါ် ဖြစ်ရ ရောက်ရမည့်ဘဝသည် ငရဲဘုံလော၊ တိရစ္ဆာန်ဘုံလော၊ ပြိတ္တာဘုံလော၊ လူ့ဘုံလော၊ နတ်ဘုံလော၊ ဗြဟ္မာဘုံလော မည်သူမျှ မသိနိုင်ကြရချေ၊ သိနိုင်သူကား လွန်စွာနည်းပါး၏၊ မသိကြသူသာ များပြား၏။

ထို့ကြောင့် ယခုဘဝဟောင်းကို စွန့်၍ နောက်ဘဝသစ်သို့ပြောင်းရွှေ့ဖြစ်ကြရမည့်အခါ ကောင်းသောဘုံဘဝသို့ ရောက်လိုလျှင် ကောင်းမှုကုသိုလ်ကံ မှန်သမျှကိုသာ ပြုလုပ်ကြရမည်၊ ထိုသို့ ကောင်းမှုကံများ ပြုလုပ်ထားနိုင်ကြလျှင် သတ္တဝါတိုင်း ကြောက်လန့်နေကြသော သေခြင်းတရားကို မကြောက်မရွံ့ ရဲဝံ့စွာ ရင်ဆိုင်နိုင်ကြမည် ဖြစ်သည်။

## အလှူဒါနဲ့ဖြင့် သေခြင်းကို ရင်ဆိုင်သော နတ်သမီး

သိကြားမင်းစံရာ တာဝတိံသာနတ်ပြည်၌ "မာလာဘာရီ" အမည်ရှိသော နတ်သားတစ်ယောက်ရှိ၏၊ ထိုနတ်သားသည် နတ်သမီးတစ်ထောင်ခြံရံလျက် ပန်းဥယျာဉ် အတွင်းမှာ ပျော်ပါးနေ၏၊ ထိုနတ်သမီး တစ်ထောင်တို့တွင် နတ်သမီးငါးရာတို့သည် ပန်းပင်ထက်သို့တက်၍ ကိုက်နှစ်သက်ရာ ပန်းများစွာတို့ကို ခူးဆွတ်ချွေချကြကုန်၏၊ ကျန်နတ်သမီးငါးရာတို့က ချွေချသည့် ပန်းတို့ကို ကောက်ယူ၍ မာလာဘာရီနတ်သားအား ဆက်သကြကုန်၏၊ ထိုအခါ သစ်ပင်ထက်သို့တက်၍ ပန်းခူးကြသော နတ်သမီးများထဲမှ နတ်သမီး တစ်ယောက်သည် သစ်ကိုင်း တစ်ကိုင်းတွင် ပန်းခူးဆွတ်ရင်း နတ်သက်ကြွေကာ သေခဲ့လေ၏၊ ထိုနတ်သမီးသည် နတ်ပြည်မှ စုတေခဲ့ပြီး သာဝတ္ထိပြည်၌ သချီးသမီးတစ်ဦး၏ အိမ်ဝယ်ဝင်စားပြီး မွေးဖွားလေ၏၊ ထိုအမျိုးသမီးလေးသည် မွေးစကပင် မိမိဘဝဖြစ်စဉ်ကို ပြန်လည်မှတ်မိလေ၏၊ (ဇာတိဿရဉာဏ်ကို ရရှိသလေ၏)။

ထိုသို့ မိမိနတ်ပြည်မှ နတ်သမီးအဖြစ်ဖြင့် သေဆုံးခဲ့သည်ကို သိရှိနေသောကြောင့် ယခုဘဝမှ သေလွန်သောအခါ နောက်ဘဝဝယ် မိမိလင်ဟောင်း မာလာဘာရီ နတ်သားထံမှာပင် ပြန်လည်ဖြစ်လိုသော အာသာဆန္ဒဖြင့် ကြံစည်တောင့်တ နေလေ၏။

ဤသို့သော ကြံစည်တောင်းတလျက်ဖြင့်ပင် သိတတ်သောအရွယ်သို့ရောက်ပါသောအခါ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်တို့အား ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်လှူဒါန်းမှုကို အမြဲပြု၏၊ အလှူဒါနပြုပြီးတိုင်း ဤကောင်းမှုကြောင့် ယခုဘဝမှသေ၍ နောက်ဘဝရောက်သည့်အခါ မိမိ၏ရှင်လင်ဖြစ်သော မာလာဘာရီ နတ်သားထံမှာပင် ပြန်၍ဖြစ်ရန် ဆုတောင်းလေ၏။

ဤသို့ဖြင့် ၁၆ - နှစ်အရွယ်ရောက်၍ သတို့သား တစ်ယောက်နှင့် အိမ်ထောင်ပြုပြီးနေသော်လည်း စာရေးတံဆွမ်းကိုလည်း အမြဲ ကပ်လှူ၏၊ ၁၄–ရက်၊ ၁၅–ရက်နေ့တို့၌ ကပ်လှူရသော ပက္ခိကဆွမ်းတို့ကိုလည်း အမြဲကပ်လှူ၏၊ ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်းတို့ကိုလည်း အမြဲလှူဒါန်း၏၊ အလှူဒါနပြုလုပ်ပြီးတိုင်းလည်း မာလာဘာရီ နတ်သားထံမှာပင် နတ်သမီးအဖြစ်ဖြင့် ပြန်၍ဖြစ်ရန် အမြဲ ဆုတောင်းလေ၏။

ထို့ပြင် ရဟန်းသံဃာတော်တို့၏ ဆွမ်းစားဇရပ်ကို ရှင်းလင်း သုတ်သင်၏၊ သောက်ရေသုံးဆောင်ရေကိုလည်း ခပ်၍တည်ထားပေး၏၊ ရဟန်းသံဃာတော်တို့ သီတင်းသုံးနေထိုင်ရာ နေရာကိုလည်း ခင်းကျင်း ပေး၏၊ အခြားလူတို့ လှူဒါန်းအပ်သော ဆွမ်းကပ်ခြင်း အလှူတို့၌ လည်း ရှိသေစွာ စေတနာသဒ္ဓါတရား ထက်ထက်သန်သန်ဖြင့်ကူညီ ဆောင်ရွက်ပေး၏။

ဒါနကောင်းမှု ကုသိုလ်ကောင်းမှုမှန်သမျှတို့၌ အမြဲမပြတ်ဆည်းပူး အားထုတ်ပြုလုပ်၏၊ ပြုလုပ်ပြီးတိုင်းလည်း ရှေးနည်းအတူပင် ဆုတောင်းမှု ပြုလေ၏။ ထိုသို့ဒါနပြုပြီးတိုင်း အမြဲမပြတ် မိမိ၏အရှင်လင်ထံသို့သာ ပြန်၍ ဖြစ်လိုကြောင်း ဆုတောင်း၍ ပူဇော်သမှု ပြုလုပ်လေ့ရှိသောကြောင့် ထိုအမျိုးသမီးကို "ပတိပူဇိကာ" ဟု ခေါ်ကြကုန်၏။

ထိုသို့အချိန်ရတိုင်း ဒါနကောင်းမှုကို ပြုလုပ်နိုင်းစေသော ကုသိုလ် အထူးကို ဆည်းပူးလျက်ကပင် သားလေးယောက်ကို တစ်ယောက်ပြီး တစ်ယောက် မွေးဖွားခဲ့ပြီးနောက် တစ်နေ့သောအခါ ရောဂါတစ်ခု၏ နှိပ်စက်မှုဒဏ်ကြောင့် သေဆုံးခဲ့လေ၏၊ ဒါနကောင်းမှုကြောင့် မိမိ ဆုတောင်းခဲ့သည့်အတိုင်း လူ့ဘဝမှ သေခဲ့ပြီး၍ အတိတ်ဘဝ မာလာ-ဘာရီနတ်သားအထံမှ ပင် နတ်သမီးပြန်၍ ဖြစ်လေ၏။

ဤဝတ္ထု၌ ပတိပူဇိကာအမည်ရှိသည့် အမျိုးသမီးသည် မိမိနတ်သမီး ဘဝမှလာခဲ့သည်ကိုလည်း သိ၍နေ၏၊ နတ်စည်းစိမ်၏ အရသာကိုလည်း

သိနှဲ့ပြီးဖြစ်၏၊နောက်ဘဝ၌လည်း ၎င်းနတ်ပြည်သို့ပင် ပြန်လည်ဖြစ်လို၏၊ နတ်ပြည်၌ပြန်လည်ဖြစ်လိုလျှင် ဒါနကောင်းမှုကို ပြုလုပ်ရမည်ကိုသည်း သိ၏၊ သိသည့်အတိုင်းလည်း ဒါနမှုအမျိုးမျိုးကို အမြဲမပြတ် ပြုလုပ်၏ ဒါနမှုကို ပြုလုပ်ပေးခြင်းဖြင့် နတ်ပြည်သို့ တစ်ဖန် ပြန်လည်ရောက်ရှိ မည်ကိုလည်း ကေန်ယုံကြည်သား၏၊ ထို့ကြောင့် ထိုပတိပူဇိကာ သနေ ဖြင့် လူ့ဘဝအသက်သေခါနီး၌သေရမည်ကို လုံးဝကြောက်လန့်ခြင်း မည်မဟုတ်ချေ၊ သေလျှင် မိမိဖြစ်လိုသည့် နတ်ပြည်၌ မလွဲမသွေ ရောက်ရ တော့မည်ကို ကေန်သိရှိနေမည် သာဖြစ်ပေ၏၊ ထိုသို့သိရှိနေသူအတွက် သေခြင်းတရားကို ရင်ဆိုင်နိုင်တော့မည်မှာ သေချာလှပေ၏။

ထို့ကြောင့် သေခြင်းတရားကို တွေးတောကြောက်လန့်၍ မနေဘဲ မိမိတို့ ပြုလုပ်သင့်သည့် ဒါနကောင်းမှုတို့ကို ပြုလုပ်ခြင်းဖြင့် သေခြင်း တရားကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်သွား ကြရမည် ဖြစ်ပါပေ၏။

ဤနတ်ကို အတုယူ၍ အလှူရှင်များလည်း သေရမည့်ဘေးကို တွေး၍ ကြောက်ရွံ့မနေကြဘဲ အလှူဒါနကို အမြဲမပြတ် ပြုလုပ်ခြင်းဖြင့် ရင်ဆိုင်ရဲအောင် ကြိုးစားသင့်ကြသည်။

---

(၁၅) (၂-၆-၉၇) (၅၀၀၀)